ကြေးမုံ
The Mirror

၁၃၆၇ ခုနှစ်၊ ဦးတန်ခူးလဆန်း ၁၄ရက်၊ သောကြာနေ့၊ (22-4-2005) (၄၅၇၃)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ၂၀၀၅ခုနှစ် အာရှ–အာဖရိက ထိပ်သီးညီလာခံနှင့် အာရှ–အာဖရိက ကွန်ဖရင့်အထိမ်းအမှတ် ရွှေရတုအခမ်းအနားသို့ တက်ရောက်ရန် အင်ဒိုနီးရှားသမ္မတနိုင်ငံသို့ ထွက်ခွာ

ရန်ကုန် ဧပြီ ၂၁

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာဆူဆီလို ဘန် ဘန်းယူဒိုယိုနို၏ ဖိတ်ကြားချက်အရ အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာနှင့် ဘန်ဒေါင်းမြို့တို့တွင် ဧပြီ ၂၂ ရက်မှ ၂၄ ရက်အထိကျင်းပမည့် ၂၀၀၅ခုနှစ် အာရှ–အာဖရိက ထိပ်သီးညီလာခံနှင့် အာရှ–အာဖရိက ကွန်ဖရင့်အထိမ်းအမှတ် ရွှေရတုအခမ်းအနားသို့တက်ရောက်ရန် ယနေ့မွန်းတည့် ၁၂နာရီတွင် အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်းအထူးလေယာဉ်ဖြင့် ရန်ကုန်မြို့မှ အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာမြို့သို့ ထွက်ခွာသွားသည်။

ပို့ဆောင်နှုတ်ဆက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဦးဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ဇနီး ဒေါ်ကြိုင်ကြိုင်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ☆

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာနှင့် ဘန်ဒေါင်းမြို့တို့တွင်ကျင်းပမည့် ၂၀၀၅ခုနှစ် အာရှ–အာဖရိက ထိပ်သီးညီလာခံနှင့် အာရှ–အာဖရိက ကွန်ဖရင့်အထိမ်းအမှတ် ရွှေရတုအခမ်းအနားသို့တက်ရောက်ရန် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ဇနီး ဒေါ်ကြိုင်ကြိုင်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းတို့ ပို့ဆောင်ကြစဉ်။ (အပေါ်ပုံ) (သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ
The Mirror

၂၂-၄-၂၀၀၅
(သောကြာနေ့)

ကုန်ထုတ်လုပ်မှု တိုးတက်မြင့်မားရေး စီးပွားရေးလုပ်ငန်းရှင်များ ကြိုးပမ်းဆောင်ရွက်

နိုင်ငံတော်အစိုးရက ပြည်ထောင်စုကြီးတစ်ရပ်လုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားအားလုံး လူနေမှုအဆင့်မြင့်မားလာရေးအတွက် အခြေခံအဆောက်အအုံများစွာကို တည်ဆောက်ပေးရင်း လိုအပ်ချက်များကို ကဏ္ဍအလိုက် စီမံဖြည့်ဆည်းပေးနေသည်။

နိုင်ငံတော်တစ်ဝန်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်လျက်ရှိရာတွင် ဒေသဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူများ၏ ညီညွတ်တက်ကြွသော ပူးပေါင်းပါဝင် ကြိုးပမ်းမှုများကြောင့် ကဏ္ဍအလိုက် အောင်မြင်မှုရလဒ်ကောင်းများ ဖြစ်ထွန်းနေသည်ကို တွေ့ရသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် အဖွဲ့ဝင်များလိုက်ပါလျက် ဧပြီလ ၁၈ ရက်နေ့က ရခိုင်ပြည်နယ် သံတွဲမြို့ရှိ နယ်မြေခံတပ်ရင်းခန်းမသို့ သွားရောက်၍ သံတွဲခရိုင်နှင့် သံတွဲမြို့နယ်၊ တောင်ကုတ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံရာတွင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းက **လုပ်ငန်းရှင်များ အနေဖြင့်လည်း ဝန်ဆောင်မှုလုပ်ငန်းများ၊ ကုန်သွယ်မှုလုပ်ငန်းများတွင်သာ အားစိုက်လုပ်ကိုင်နေကြပြီး ကုန်ထုတ်လုပ်မှုလုပ်ငန်းပိုင်းတွင် အားနည်းနေသည်ကို တွေ့ရကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေး အထူးသဖြင့် စက်မှုကဏ္ဍများဖြစ်သော ကုန်ထုတ်လုပ်မှုအပိုင်းကို ကြိုးစားဆောင်ရွက်ကြစေလိုကြောင်း** မှာကြားသွားသည်။

ရခိုင်ပြည်နယ်သည် ရေမြေရာသီဥတုကောင်းမွန်ပြီး သဘာဝသယံဇာတများ ကြွယ်ဝသောဒေသဖြစ်ရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားသောစီးပွားရေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် တိုးချဲ့လုပ်ကိုင်လာနိုင်သည်နှင့်အမျှ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံတော်အတွက် အားထားရသော တိုင်းဒေသတစ်ခုဖြစ်လာနိုင်သည့် အလားအလာကောင်းများကို တွေ့မြင်နေရသည်။

ယနေ့ကာလတွင် နိုင်ငံတော်က ပုဂ္ဂလိကစီးပွားရေး လုပ်ငန်းရှင်များကို တစ်လှေတည်းစီး တစ်ခရီးတည်းသွားနေသည့် လုပ်ဖော်ကိုင်ဖက်အင်အားစုများအဖြစ် သဘောထားပြီး လုပ်ကိုင်ခွင့်များနှင့်အတူ အဘက်ဘက်က ကူညီပံ့ပိုးပေးလျက်ရှိနေသည်။

နိုင်ငံတော်အပိုင်းက ပုဂ္ဂလိကလုပ်ငန်းရှင်များအပေါ် လုပ်ကိုင်ခွင့်များ၊ အကူအညီများတိုးမြှင့်ပေးခြင်းများနှင့်အတူ ဥပဒေအရ အကာအကွယ်ပေးခြင်းများကိုလည်း မျက်ခြည်မပြတ် စီမံဖြည့်ဆည်းပေးလျက်ရှိရာ စီးပွားရေးလုပ်ငန်းရှင်များအပိုင်းက နိုင်ငံတော်နှင့်ပြည်သူများအပေါ် စေတနာထား၍ လုပ်ကိုင်ကြရမည်ဖြစ်သည်။

ရခိုင်ပြည်နယ်တွင် ရေမြေသဘာဝအခြေအနေပေးမှုများနှင့်အညီ စီးပွားရေးလုပ်ငန်းရှင်များက ဟိုတယ်လုပ်ငန်းများ၊ စိုက်ပျိုးရေးလုပ်ငန်းများ၊ ရေလုပ်ငန်းများ၊ ဆားထုတ်လုပ်ငန်းများကို လုပ်ကိုင်လျက်ရှိကြသည်။

နိုင်ငံတော်အနေဖြင့် သွင်းကုန်အစားထိုး ကုန်ထုတ်လုပ်ငန်းများ၊ ပြည်ပပို့ကုန် ထုတ်လုပ်မှုလုပ်ငန်းများ၊ မြေယာအခြေပြု စက်မှုလုပ်ငန်းများကို အားပေးလျက်ရှိသည့်အပြင် မြေယာသစ်များ ချဲ့ထွင်စိုက်ပျိုးလာသောသီးနှံများကို ပြည်ပသို့ တင်ပို့ခွင့်ပြုလျက်ရှိနေသည်။

သို့ဖြစ်ရာ စီးပွားရေးလုပ်ငန်းရှင်များက လက်ရှိဆောင်ရွက်လျက်ရှိသည့် ဝန်ဆောင်မှုလုပ်ငန်းများ၊ ကုန်သွယ်မှုလုပ်ငန်းများကိုသာမက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုကဏ္ဍများဖြစ်သည့် ကုန်ထုတ်လုပ်မှု တိုးတက်မြင့်မားရေးအပိုင်းတို့ကိုပါ တက်တက်ကြွကြွ ကြိုးပမ်းဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေ သွားလာရန်လိုအပ်သည့် ကိစ္စရပ်မှအပ မော်တော်ယာဉ် မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၅ ခုနှစ်၊ ဧပြီလအတွက်
နောက်ဆုံးပတ် (တနင်္ဂနွေနေ့) (၂၄-၄-၂၀၀၅)ရက်နေ့
၂၀၀၅ ခုနှစ်၊ မေလအတွက်
(၈-၅-၂၀၀၅)ရက်နေ့နှင့် (၂၉-၅-၂၀၀၅)ရက်နေ့။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မော်လမြိုင်မြို့ ပရိယတ္တိစာသင်တိုက်များသို့ ဆွမ်းဆန်တော်လှူဒါန်း တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင် တက်ရောက်ကြည်ညို

ရန်ကုန် ဧပြီ ၂၁

မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှကြီးမှူး၍ မော်လမြိုင်မြို့ ပရိယတ္တိစာသင်တိုက်များသို့ ဆွမ်းဆန်တော် ဆက်ကပ်လှူဒါန်းခြင်း အခမ်းအနားကို ဧပြီ ၁၇ ရက် နံနက် ၉ နာရီက မော်လမြိုင်မြို့ သာသနာ့ဗိမာန်တော်ကြီးတွင်ကျင်းပရာ အခမ်းအနားသို့ မော်လမြိုင်မြို့ပေါ် ဘုန်းတော်ကြီးကျောင်းကိုးကျောင်းမှ ပင့်သံဃာတော်များ၊ သီလရှင်စာသင်တိုက်နှစ်တိုက်မှ သီလရှင်ဆရာကြီးများ ကြွရောက်တော်မူကြပြီး မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့်ဇနီး၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်မျိုးလှ၊ ပြည်နယ် အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးစိုးမြင့်အောင်နှင့် အဖွဲ့ဝင်များ၊ တိုင်းစစ်ဌာနချုပ်မှ ဦးစီးအရာရှိကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြည်ညိုကြသည်။

ပရိတ်နာယူ

ရှေးဦးစွာတိုင်းမှူးနှင့် ဧည့်ပရိသတ်များက အခမ်းအနားကို နမောတဿ သုံးကြိမ် ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ပြီး မော်လမြိုင်မြို့ ဝဲပုံကျောင်းစာသင်တိုက် ပဓာနနာယက ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တဝိဇယာဘိဝံသထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်သံဃာတော်များထံမှ ပရိတ်တရားတော်များ နာယူကြသည်။

ဆက်လက်၍ ဆရာတော် သံဃာတော်များအား တိုင်းမှူးနှင့်ဇနီးတို့က လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆွမ်းဆန်တော်ဆက်ကပ်

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက မော်လမြိုင်မြို့ပေါ်ရှိ ပရိယတ္တိစာသင်တိုက်များနှင့် သီလရှင် စာသင်တိုက်များသို့ ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြပြီး မင်းကျောင်း စာသင်တိုက် ဆရာတော် မဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တနာဂိန္ဒာဘိဝံသထံမှ ရေစက်ချ တရားတော်နာယူပြီးနောက် လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကာ အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတုသုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

အဆိုပါ ဆွမ်းဆန်တော် ဆက်ကပ်လှူဒါန်းပွဲ၌ ဆွမ်းဆန်တော် ၇၇ အိတ်၊ ဆီ ၂၂ ပုံး၊ ကြက်သွန်နီ ၁၁ အိတ်၊ ဆားပိဿာ ၁၁၀ တို့ကို ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

သက်ကြီးပူဇော်

ယင်းနောက် တိုင်းမှူးသည် မွန်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ ကြီးမှူး၍ မော်လမြိုင်မြို့ တောင်ဝိုင်း ဘိုးဘွားရိပ်သာ၌ ကျင်းပသည့် သက်ကြီးပူဇော်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့် ဇနီး၊ ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများက အဘိုး၊ အဘွား ၄၀ တို့အား ကန်တော့ကြပြီး လှူဖွယ်ပစ္စည်းများ ပေးအပ်လှူဒါန်းသည်။

ထို့နောက် ဘိုးဘွားများ ကိုယ်စား အဘိုး၊ အဘွား တစ်ဦးစီတို့က ဆုတောင်းမေတ္တာ ပြန်လည် ပို့သပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံသစ်ဖွင့်

ရန်ကုန် ဧပြီ ၂၁

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် ရှမ်းစုကျေးရွာ ကိုယ့်အားကိုယ်ကိုး ကျေးလက် ကျန်းမာရေးဌာနခွဲ အဆောက်အအုံသစ်ဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ဧပြီ ၁၀ ရက်နံနက်၉နာရီက ယင်းအဆောက်အအုံရှေ့တွင် ကျင်းပရာ သုံးခွမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူးနှင့် ကျန်းမာရေးဝန်ထမ်းများ၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ အလှူရှင်များ၊ ကျေးရွာဆေးခန်း ဖြစ်မြောက်ရေးကော်မတီဝင်များနှင့် ကျေးရွာသူ၊ ကျေးရွာသားများ တက်ရောက်ကြသည်။

အဆိုပါ ကျေးလက် ကျန်းမာရေးဌာနခွဲ အဆောက်အအုံမှာ ကျန်းမာရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသော အရွယ်အစားအတိုင်း ကျေးရွာရှိ အလှူရှင်များ စုပေါင်း လှူဒါန်းမှုဖြင့် ဆောက်လုပ်ခဲ့ခြင်းဖြစ်ပြီး ကုန်ကျငွေ စုစုပေါင်း ကျပ်၂၅ သိန်းခန့်ဖြစ်သည်။

(၈၇)

မကွေးတိုင်းဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေ နှမ်းစပါးစိုက်ပျိုးရေးနှင့် တံတားတည်ဆောက်ရေးလုပ်ငန်းများ စစ်ဆေး

ရန်ကုန် ဧပြီ ၂၁

မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေသည် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ဧပြီ ၂ ရက် မွန်းလွဲပိုင်းက စလင်းမြို့နယ် ဂွင်ကျင်းကျေးရွာအနီးရှိ တက်တူရေလှောင်တမံသို့ ရောက်ရှိပြီး တမံအတွင်း ရေသိုလှောင်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

တညောင်မြစ်ရေတင်

ထို့နောက် ဗိုလ်မှူးကြီးဘုန်းမော်ရွှေသည် စလင်းမြို့နယ် တညောင်ဒေသရှိ တညောင် လျှပ်စစ်မြစ်ရေတင်စီမံကိန်းသို့ ရောက်ရှိရာ တာဝန်ရှိသူများက ရေတင်ဧရိယာအတွင်း နှမ်းစပါးဧက ၂၀၀၀ စိုက်ပျိုးရန် လျာထား၍ ၁၅၇၅ ဧက စိုက်ပျိုးပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေက စိုက်ပျိုးရေပေးဝေနေမှုနှင့် ရေတင်စက်များ ကြံ့ခိုင်ကောင်းမွန်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ရှင်းလင်းမှာကြား

ဧပြီ ၃ ရက် နံနက် ၈ နာရီတွင် တိုင်းဥက္ကဋ္ဌသည် ပခုက္ကူခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ပခုက္ကူခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို အကျယ်တဝင့် ရှင်းလင်းမှာကြားသည်။

နှမ်းစပါး

ဗိုလ်မှူးကြီးဘုန်းမော်ရွှေသည် ဧပြီ ၄ ရက် နံနက်ပိုင်းတွင် ဂန့်ဂေါ-ကလေးလမ်းမကြီး၊ ဂန့်ဂေါမြို့နယ်အပိုင်း မိုင်တိုင် အမှတ်(၁၇/၁) နှင့် (၁၇/၂) အကြား ပနဲချောင်းတံတား တည်ဆောက်နေမှုနှင့် မိုင်တိုင် အမှတ် (၂၆/၁) နှင့် (၂၆/၂)အကြား နှမ်းခါးချောင်း တံတားတည်ဆောက်နေမှု အခြေအနေကိုလည်းကောင်း၊ ဂန့်ဂေါမြို့နယ် ရေရှင်းကျေးရွာတွင် တော်ဝင်ချောင်းရေကို အသုံးပြု၍ နှမ်းစပါး ၆၄ ဧက စိုက်ပျိုးထားရှိမှု အခြေအနေကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များမှာကြား ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဖြည့်ဆည်း

ထိုမှတစ်ဆင့် ဗိုလ်မှူးကြီးဘုန်းမော်ရွှေသည် ဂန့်ဂေါမြို့နယ် ကန်ကျေးရွာတိုက်နယ် ပြည်သူ့ဆေးရုံသို့ရောက်ရှိပြီး ဆေးကုသဆောင်များ၊ ခွဲစိတ်ခန်းနှင့် လူနာဆောင်များ၊ ဆေးရုံဝင်းအတွင်း သံဃာ့ဆေးရုံတည်ဆောက်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

မြစ်သာတမံ

ဧပြီ ၅ ရက် နံနက်ပိုင်းတွင် တိုင်းဥက္ကဋ္ဌသည် ဂန့်ဂေါမြို့နယ် ပြင်သာကျေးရွာအနီး မြစ်သာမြစ်ကိုပိတ်၍ တည်ဆောက်နေပြီး ရေသိုလှောင်နိုင်မှုပမာဏ ဧကပေ ၃၇၇၆၀၀၊ ရေအားလျှပ်စစ် မဂ္ဂါဝပ် ၄၀ ထုတ်လုပ်နိုင်မည့် မြစ်သာရေလှောင်တမံ တည်ဆောက်ရေးလုပ်ငန်းသို့ ရောက်ရှိစစ်ဆေးရာ တာဝန်ရှိသူများက ကုန်းကြောတမံများ တည်ဆောက်နေမှု၊ ပင်မတမံ စတင်တည်ဆောက်ရန် ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းဥက္ကဋ္ဌက တင်ပြချက်များအပေါ် လိုအပ်သည်များမှာကြား ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ညှိနှိုင်းဆောင်ရွက်

ထို့နောက် ဗိုလ်မှူးကြီးဘုန်းမော်ရွှေသည် ထီးလင်းမြို့နယ် ပြည်သူ့ဆေးရုံသို့လည်းကောင်း၊ ထီးလင်းမြို့နယ် နှမ်းစပါးဧက ၁၄၀၀ တစ်ဆက်တစ်စပ်တည်းစိုက်ပျိုးထားရှိမှု အခြေအနေကိုလည်းကောင်း၊ ပခုက္ကူ-ပေါက်-ထီးလင်း - ဂန့်ဂေါ လမ်းပေါ်ရှိ အမှတ်(၁) ပေါက်တံတား (အုန်းတော) နှင့် အမှတ်(၂) ပေါက်တံတား (ရေပြာ) တည်ဆောက်နေမှု အခြေအနေကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

(သတင်းစဉ်)

သာစုပရိယတ္တိ စာသင်တိုက် အဘိဓမ္မာသင်တန်းဖွင့်မည်

ရန်ကုန် ဧပြီ ၂၁

ကြည့်မြင်တိုင် သာစုပရိယတ္တိစာသင်တိုက်ကြီးတွင် ဧပြီ ၂၄ ရက်မှစ၍ ၄၅ ရက်တိုင် ရွှေညဝါ အဘိဓမ္မာသင်တန်းကို ဖွင့်လှစ်သင်ကြားပို့ချမည်ဖြစ်ရာ သင်တန်းတွင် ဗန်းမော် ဆရာတော် ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသက ပဋ္ဌာန်းစာဝါကို သင်ကြားပို့ချမည်ဖြစ်သည်။

(က-ပ)

☆ **ရှေ့ဖုံးမှ**

ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွဲ့၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၏ဇနီး ဒေါ်ခင်ခင်ဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်ဇနီး၊ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အင်ဒိုနီးရှားသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Wyoso Prodjowarsitoနှင့် သံရုံးအဖွဲ့ဝင်များ၊ စစ်ဘက်နယ်ဘက်မှ တာဝန်ရှိပုဂ္ဂိုလ်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

လိုက်ပါသွား

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၏ စစ်ဘက်လက်ထောက် ဗိုလ်ချုပ်နေဝင်း၊ ကာကွယ်ရေးဝန်ကြီးဌာန ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်မှူးချုပ်သန်းအောင်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးဖေငြိမ်း၊ ဝန်ကြီးချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်နှင့် တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါသွားကြသည်။

(သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာနှင့် ဘန်ဒေါင်းမြို့တို့တွင်ကျင်းပမည့် ၂၀၀၅ခုနှစ် အာရှ-အာဖရိက ထိပ်သီးညီလာခံနှင့် အာရှ-အာဖရိက ကွန်ဖရင့်အထိမ်းအမှတ် ရွှေရတုအခမ်းအနားသို့ တက်ရောက်ရန် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာရာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အင်ဒိုနီးရှားသမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Wyoso Prodjowarsitoနှင့် သံရုံးအဖွဲ့ဝင်များက နှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

ပို့ဆောင်နှုတ်ဆက်

ပြည်ထောင်စု မြန်မာနိုင်ငံတော် - နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာနှင့် ဘန်ဒေါင်းမြို့တို့တွင် ကျင်းပမည့် ၂၀၀၅ ခုနှစ် အာရှ-အာဖရိက ထိပ်သီးညီလာခံနှင့် အာရှ-အာဖရိက ကွန်ဖရင့် အထိမ်းအမှတ် ရွှေရတု အခမ်းအနားသို့ တက်ရောက်ရန် ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ပို့ဆောင်နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာနှင့် ဘန်ဒေါင်းမြို့တို့တွင် ကျင်းပမည့် ၂၀၀၅ခုနှစ် အာရှ-အာဖရိက ထိပ်သီးညီလာခံနှင့် အာရှ-အာဖရိက ကွန်ဖရင့် အထိမ်းအမှတ် ရွှေရတုအခမ်းအနားသို့ တက်ရောက်ရန် ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ထွက်ခွာရာ ပြည်ထောင်စုမြန်မာနိုင်ငံတော် ဆိုင်ရာ အင်ဒိုနီးရှားသမ္မတ နိုင်ငံသံအမတ်ကြီး H.E.Mr. Wyoso Prodjowarsitoနှင့် သံရုံးအဖွဲ့ဝင်များက နှုတ်ဆက် ကြစဉ်။

(သတင်းစဉ်)

အီရတ်နိုင်ငံ ဘာကူဘာမြို့တွင် ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် အပျက်အစီးများအား ဒေသခံများက ကြည့်ရှုနေကြသည်ကို ဧပြီ ၂၀ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ပြစ်မှုတားဆီးကာကွယ်ရေး ကုလသမဂ္ဂညီလာခံ ထိုင်း၌ကျင်းပ ကမ္ဘာ့နိုင်ငံများ၏ ရာဇဝတ်မှုတားဆီးရေးဆိုင်ရာမူဝါဒ မြှင့်တင်မည်

ဗန်ကောက် ဧပြီ ၂၁

ကမ္ဘာ့နိုင်ငံများအားလုံး၏ ရာဇဝတ်ပြစ်မှု တားဆီးကာကွယ်ရေးဆိုင်ရာမူဝါဒများနှင့် တရားစီရင်ရေးဆိုင်ရာ အစီအမံများ မြှင့်တင်နိုင်စေမည့်နည်းလမ်းများ ဖော်ထုတ်နိုင်ရန် ကုလသမဂ္ဂ ညီလာခံတစ်ရပ်ကို ထိုင်းနိုင်ငံ မြို့တော် ဗန်ကောက်တွင် တနင်္လာနေ့က ဖွင့်လှစ်လိုက်သည်။

(၁၁)ကြိမ်မြောက် ကုလသမဂ္ဂ ရာဇဝတ်မှုခင်း တားဆီးကာကွယ်ရေး ကွန်ဂရက်ဟု အမည်ပေးထားသော အဆိုပါညီလာခံသို့ ကမ္ဘာ့နိုင်ငံများမှ ကိုယ်စားလှယ်၃၀၀၀ကျော် တက်ရောက်ကြပြီး တစ်ကမ္ဘာလုံးပေါင်းစည်း ဆက်နွှယ်မှုအစဉ် ပေါ်ထွန်းချိန်၌ ရာဇဝတ်မှုခင်းများ ပုံစံသစ်ဖြင့် ဖြစ်ပွားလာနေမှုကို ထိန်းချုပ်နိုင်စေရေးအတွက် တရားရေးစနစ် တိုးတက်အောင် လုပ်ဆောင်နိုင်မည့် နည်းလမ်းများကို ဆွေးနွေးကြမည်ဟု မျှော်လင့်ရသည်။

ဆွေးနွေး

ယခု ကျင်းပသည့် ကုလသမဂ္ဂ ညီလာခံတွင် နိုင်ငံဖြတ်ကျော် ရာဇဝတ်မှုခင်းများ၊ အကြမ်းဖက်မှု၊ အဂတိလိုက်စားမှု၊ စီးပွားရေးနှင့်ဘဏ္ဍာရေးဆိုင်ရာ ပြစ်မှုများ၊ နိုင်ငံတကာ တရားရေးဆိုင်ရာ စံချိန်စံညွှန်းများကို လေ့လာခြင်းစသည့် အကြောင်းရပ်များနှင့် ပတ်သက်၍ ဆွေးနွေးကြမည်ဖြစ်သည်။

ရှစ်ရက်ကြာမြင့်မည့် ကုလသမဂ္ဂ ညီလာခံ၏ နောက်ဆုံးသုံးရက်တွင် နိုင်ငံအကြီးအကဲများ၊ သို့မဟုတ် ဝန်ကြီးများနှင့် အဆင့်မြင့်ပုဂ္ဂိုလ်အဆင့် အစိုးရတာဝန်ရှိသူများက ပါဝင်ဆွေးနွေးမည်ဖြစ်သည်။

ထုတ်ပြန်

ညီလာခံနောက်ဆုံးနေ့တွင် ကိုယ်စားလှယ်များ၏အကြံပြုချက်များကို ဖော်ပြသည့် ဗန်ကောက် ကြေညာချက်ကို ထုတ်ပြန်မည်ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

အမေရိကန်တပ်ဖွဲ့ဝင်များ၏ပြုမူမှုအပေါ် ဒေါသထွက် အီရတ်ပါလီမန်အမတ်များ အမေရိကန်သံရုံးကို ဖြေရှင်းချက်တောင်း

ဘဂ္ဂဒက် ဧပြီ ၂၀

ပါလီမန်အမတ်တစ်ဦး အီရတ်နိုင်ငံ အစိမ်းရောင်ဒေသအတွင်း ဝင်ရောက်ခဲ့စဉ် ထိန်းသိမ်းခံရပြီး အမေရိကန်တပ်ဖွဲ့ဝင်များ၏ ရိုက်နှက်မှုခံခဲ့ရပြီးနောက် အီရတ်ဥပဒေပြုအမတ်များက အမေရိကန်သံရုံးမှ ဖြေရှင်းချက်ပေးရန် တောင်းဆိုကြသည်။

ယင်းအရှက်တကွဲ အကျိုးနည်းဖွယ်ရာကိစ္စအား အီရတ်ဝန်ကြီးချုပ်ဟောင်း အာလာဝီအနေဖြင့် အီရတ်ဆိုင်ရာ သံအမတ်ကြီးအား စုံစမ်းမေးမြန်းကာ တရားဝင် ဝန်ချတောင်းပန်ရန် အမျိုးသားပါလီမန်က တိုက်တွန်းထားကြသည်။

ပါလီမန်အမတ်ဖြစ်သူ အယ်လ်-ရှိတ်က ညီလာခံ အဆောက်အအုံအတွင်း ဝင်ရောက်ရန် ကြိုးပမ်းရာ အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးက အစိမ်းရောင်ဒေသအတွင်းရှိ စစ်ဆေးရေးဂိတ်တစ်ခုတွင် ဟန့်တားခဲ့သည်ဟု မျက်မြင်တွေ့ရှိသူတစ်ဦးက ဆင်ဟွာသတင်းဌာနအား ပြောကြားသည်။

အယ်လ်-ရှိတ်က စိစစ်ရေးကတ်ပြားကို ထုတ်ပြကြောင်း၊ သို့ရာတွင် ၎င်းတပ်ဖွဲ့ဝင်များက ကတ်ပြားအား လွှင့်ပစ်ပြီး အယ်လ်-ရှိတ်အား အော်ငေါက်ကြောင်း၊ ယင်းနောက် ၎င်းတို့နှင့် အယ်လ်-ရှိတ် စကားများကြကြောင်း၊ ပြီးနောက် အယ်လ်-ရှိတ်အား ရိုက်နှက်ပြီး မိနစ်အတန်ကြာအောင် ထိန်းသိမ်းထားကြောင်း၊ ပြီးမှ အစည်းအဝေးတက်ရန် ခွင့်ပြုခဲ့ကြောင်း မျက်မြင်တွေ့ရှိသူများက ဆက်လက်ပြောကြားသည်။

အယ်လ်-ရှိတ်သည် အရှက်တကွဲ အကျိုးနည်းဖြစ်ရပ်ကြောင့် စိတ်အနှောင့်အယှက်ဖြစ်ပြီး ပါလီမန်အမတ်ရာထူးမှ နုတ်ထွက်ရန် ကြေညာခဲ့သည်။

တပ်ဖွဲ့ဝင်များက မိမိအား ယင်းကဲ့သို့ ဆက်ဆံခဲ့သည်မှာ ပထမဆုံးအကြိမ် မဟုတ်တော့ကြောင်း ရှိတ်က ပြောကြားသည်။

အချို့သော ဥပဒေပြုအမတ်များက ယင်းပြဿနာ ဖြေရှင်းပြီးသည်အထိ ပါလီမန်အစည်းအဝေးကို ရပ်ဆိုင်းထားရန် အကြံပေးကြသည်။ သို့ရာတွင် အခြားဥပဒေပြုအမတ်များက ယင်းသဘောထားသည် နိုင်ငံရေးလုပ်ငန်းစဉ် ကမောက်ကမဖြစ်စေပြီး ယိုယွင်းနေသည့် အီရတ်နိုင်ငံအတွက် ဘေးအန္တရာယ်ဖြစ်နိုင်သည်ဟုဆိုကာ ပယ်ချကြသည်။

အီရတ်ရှိ အမေရိကန်သံရုံးက ယင်းဖြစ်ရပ်အပေါ် ဝေဖန်ပြောကြားမှု မရှိသေးပေ။

အသစ်ဖွဲ့စည်းထားသည့် ဥပဒေပြုအမတ်များက အစိမ်းရောင်ဒေသရှိ စစ်ဆေးရေးဂိတ်တွင် တင်းကျပ်သော လုံခြုံရေး လုပ်နည်းလုပ်ဟန်များနှင့် ပတ်သက်၍ မကျေမနပ်ဖြစ်နေကြသည်။

အင်္ဂါနေ့ကကျင်းပသည့် အစည်းအဝေးတွင် ပါလီမန်အမတ်တစ်ဦးဖြစ်သူ မှုသာရှော်ကက်က အမေရိကန်က လျော်ကြေးပေးရန်နှင့် အစိမ်းရောင်ဒေသမှ အမေရိကန်တပ်ဖွဲ့ဝင်များ နှစ်လအတွင်း ရုပ်သိမ်းပေးရန် တိုက်တွန်းလိုက်သည်။

၎င်းက ပါလီမန်အနေဖြင့် ယင်းပြဿနာ ဖြေရှင်းမပေးမီအထိ မိမိအစည်းအဝေးတက်မည် မဟုတ်ကြောင်း ပြောကြားရင်း ၎င်း၏ စိစစ်ရေးကတ်ပြားအား လွှင့်ပစ်ကာ အစည်းအဝေးမှ ထွက်ခွာခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

ပျောက်ဆုံးနေသော ရေလုပ်သားများကို တောင်တရုတ်ပင်လယ်မှ ကယ်ဆယ်

မနီလာ ဧပြီ ၂၁

ဖိလစ်ပိုင်နိုင်ငံ ဇမ်ဘာလီပြည်နယ်မှ ရေလုပ်သားများသည် ငါးဖမ်းသွားစဉ် ပျောက်ဆုံးနေကြောင်းအစိုးရကကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့သည်။ ၎င်းတို့သည် ၁၉ ရက်ကြာ ပျောက်ဆုံးခဲ့ပြီးမှ တောင်တရုတ်ပင်လယ်တွင် ဖိလစ်ပိုင်ရေတပ်ဖွဲ့က တနင်္ဂနွေနေ့တွင် ကယ်ဆယ်နိုင်ခဲ့ခြင်းဖြစ်သည်။

ဒေသစံတော်ချိန် နံနက် ၇ နာရီခန့်တွင် ပါလာဝန်ကျွန်းမှ ၁၄၈ မိုင်ခန့်အကွာတွင်ရှိသော ကျွန်းတစ်ကျွန်းပေါ်တွင် ထိုရေလုပ်သားလေးဦးကို တွေ့ရှိခဲ့ခြင်းဖြစ်သည်ဟု ဒုတိယရေတပ်ဗိုလ်ချုပ်ကြီး အဲနက်စ်တိုဒီလီအွန်က ပြောကြားသည်။

ပျောက်ဆုံး

အဆိုပါ ရေလုပ်သားများသည် ငါးဖမ်းရန် ဆူဘစ်ဆိပ်ကမ်းမှ အနောက်တောင်ဘက်သို့ ထွက်ခွာခဲ့ကြသည်။ ထိုသို့ ထွက်ခွာခဲ့ပြီး သုံးရက်အကြာ မတ် ၂၃ ရက်တွင် ပျောက်ဆုံးကြောင်း ကြေညာခဲ့သည်။

၎င်းရေလုပ်သားများ ပျောက်ဆုံးကတည်းက ဖိလစ်ပိုင် ကမ်းခြေစောင့်တပ်များနှင့် ရေတပ်အဖွဲ့တို့က ရှာဖွေရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြသည်။

အမ်အင်အေ၊ဆင်ဟွာ။

အာဖဂန်နစ္စတန်နိုင်ငံ ပြန်လည်ထူထောင်ရာတွင် တရုတ်နိုင်ငံ၏ ပူးပေါင်းဆောင်ရွက်မှုကို လိုလား

ကဘူး ဧပြီ ၂၀

အာဖဂန်နစ္စတန်နိုင်ငံ ပြန်လည်ထူထောင်ရေးနှင့် နိုင်ငံတည်ငြိမ်အေးချမ်းရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် တရုတ်နိုင်ငံ၏ ပူးပေါင်းဆောင်ရွက်မှုရရှိရန် မိမိတို့လိုလားကြောင်း အာဖဂန်ဒုတိယသမ္မတ အဗ္ဗဒူလ်ခါရင်ခါလီလီက တနင်္လာနေ့တွင် ပြောကြားသည်။

အာဖဂန်နစ္စတန်နိုင်ငံ၏ အိမ်နီးချင်းနိုင်ငံကြီးတစ်နိုင်ငံဖြစ်သော တရုတ်နိုင်ငံသည် စီးပွားရေးနယ်ပယ်တွင် ကြီးမားသော အောင်မြင်မှုများကို ရရှိနေကြောင်း၊ တရုတ်နိုင်ငံ၏ စီးပွားရေးရာ အောင်မြင်မှု အတွေ့အကြုံပေါ်မှ မိမိတို့ လေ့လာသွားလိုကြောင်း တရုတ်နိုင်ငံသို့ သွားရောက်မည့်အာဖဂန်ဒုတိယသမ္မတက ဆင်ဟွာသတင်းဌာနအား ပြောကြားသည်။

တက်ရောက်မည်

အာဖဂန် ဒုတိယသမ္မတ ခါလီလီသည် တရုတ်နိုင်ငံသို့ အင်္ဂါနေ့တွင် သွားရောက်မည်ဖြစ်သည်။ ၎င်းသည် တရုတ်နိုင်ငံ ဟိုင်နန်ပြည်နယ်တွင် ကျင်းပမည့် အာရှနိုင်ငံများ၏ ဘိုအော ဖိုရမ်ဆွေးနွေးပွဲသို့ တက်ရောက်မည်ဖြစ်သည်။

မျှဝေ

ယနေ့ကာလတွင် တရုတ်နိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံများအနက် စီးပွားရေးအရ အောင်မြင်မှုရရှိနေသော နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း၊ တရုတ်နိုင်ငံသည် ၎င်း၏ စီးပွားရေး ကြိုးပမ်းမှု အတွေ့အကြုံကို မျှဝေခြင်းဖြင့် မိမိတို့နိုင်ငံ တည်ငြိမ်မှု ရရှိလာရေးအတွက် အကူအညီပေးနိုင်မည်ဖြစ်ကြောင်း ခါလီလီက ပြောကြားသည်။

တရုတ်နိုင်ငံသည် အာဖဂန်နစ္စတန်နိုင်ငံ၏ သဘာဝအရင်းအမြစ်များ စူးစမ်းရှာဖွေသည့် လုပ်ငန်းတွင် ပါဝင်ဆောင်ရွက်ရေးကို မိမိ ထောက်ခံကြောင်း ၎င်းက ပြောကြားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

တိုက်ခိုက်ရန် ပြင်ဆင်

အီရတ်နိုင်ငံ ရာမာဒီမြို့တွင် ခုခံတိုက်ခိုက်ရေးသမားများက အမေရိကန်တပ်ဖွဲ့အား တိုက်ခိုက်ရန် ပြင်ဆင်နေသည်ကို ဧပြီ ၂၀ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)



မျက်စိ အတွင်းတိမ် လူနာများကို နီပေါတွင် အခမဲ့ကုသပေး

ခတ္တမန္ဒူ ဧပြီ ၂၀

နီပေါနိုင်ငံအလယ်ပိုင်းရှိ မျက်စိကုသရေးစခန်းတစ်ခုတွင် မျက်စိအတွင်းတိမ်လူနာ ၃၁၉ ဦးကို အခမဲ့ ခွဲစိတ်ကုသပေးခဲ့ကြောင်း စည်းရုံးရေးမှူးတစ်ဦးက တနင်္ဂနွေနေ့တွင် ပြောကြားသည်။

ကုန်ကျ

မိမိတို့ဒေသတွင် မျက်စိခွဲစိတ်ကုသမှုမရရှိနိုင်သော လူနာများနှင့် ဆေးကုသမှုစရိတ် မတတ်နိုင်သော လူနာများအတွက် အကျိုးရှိကြောင်း မျက်စိခွဲစိတ်ကုဆရာဝန်ကြီး ဒေါက်တာဆန်ဒုရူက ပြောကြားသည်။ မျက်စိအတွင်းတိမ် ခွဲစိတ်မှုတစ်ရပ်အတွက် အမေရိကန် ဒေါ်လာ ၁၄၃ ဒေါ်လာခန့် ကုန်ကျသည်ဟုသိရသည်။

ပူးတွဲကျင်းပ

ခတ္တမန္ဒူမြို့အနီး ကာပန်ကျေးရွာတွင် မျက်စိအမြင် ပြန်လည်ရရှိရေး အလုပ်ရုံဆွေးနွေးပွဲကို ဧပြီ ၆ ရက်တွင် စတင်ကျင်းပခဲ့ပြီး တီဂန်ဂါမျက်စိကုဌာန၊ မျက်မမြင်များအသင်းနှင့် ပူလာဟာရီ ဘုန်းတော်ကြီးကျောင်းတို့က ပူးတွဲကျင်းပခဲ့ခြင်းဖြစ်သည်။

အမ်အင်အေ၊ ဆင်ဟွာ။

အာရှ–အာဖရိက ထိပ်သီးအစည်းအဝေးတက်ရောက်ရန် သမ္မတအမ်ဘီကီ ဂျကာတာသို့ လာရောက်မည်

ဂျကာတာ ဧပြီ ၂၀

အာရှ–အာဖရိက ထိပ်သီးအစည်းအဝေး(အေအေအက်စ်)ကို ဂျကာတာမြို့တွင် ကျင်းပမည်ဖြစ်သည်။ ထိုအစည်းအဝေးသို့ တောင်အာဖရိကသမ္မတ သာဘိုအမ်ဘီကီ တက်ရောက်မည်ဖြစ်ကြောင်း သတင်းတစ်ရပ်တွင် ရေးသားဖော်ပြထားသည်။

အဆိုပါ အာရှ–အာဖရိက ထိပ်သီးအစည်းအဝေးကို အင်ဒိုနီးရှားနိုင်ငံတွင် ဧပြီ ၂၂ ရက်မှ ၂၃ ရက်ထိ နှစ်ရက်ကြာ ကျင်းပမည်ဖြစ်သည်။ ယင်းထိပ်သီးအစည်းအဝေးကို တောင်အာဖရိကနိုင်ငံကလည်း ပူးတွဲကမကထ ပြုလုပ်သူအဖြစ် တက်ရောက်မည်ဖြစ်သည်။

ထိုထိပ်သီးအစည်းအဝေးသို့ နိုင်ငံပေါင်း ၁၀၀ ကျော်မှ ခေါင်းဆောင်များလည်း တက်ရောက်ကြရန်ရှိသည်။ အဆိုပါ ထိပ်သီးအစည်းအဝေး၏ အဓိကရည်ရွယ်ချက်မှာအာရှ–အာဖရိက နိုင်ငံများ ပူးပေါင်းဆောင်ရွက်ရေး မဟာဗျူဟာအသစ်တစ်ရပ်ကို ချမှတ်ရန်ပင်ဖြစ်သည်။

ရည်ရွယ်ချက်နှစ်ရပ်ရှိ

သမ္မတသာဘိုအမ်ဘီကီသည်အစည်းအဝေးတက်ရောက်ရန် ဂျကာတာသို့ အင်္ဂါနေ့တွင် ရောက်ရှိမည် ဖြစ်သည်။ ၎င်းသည် ဂျကာတာသို့ လာရောက်ရခြင်းမှာ ရည်ရွယ်ချက်နှစ်ရပ်ရှိသည်။ ပထမရည်ရွယ်ချက်သည် ထိုနိုင်ငံသို့ လာရောက်လည်ပတ်ခြင်း ဖြစ်ပြီး ဒုတိယတစ်ချက်သည် အာရှ–အာဖရိက ထိပ်သီးအစည်းအဝေးတွင် ၎င်းတို့နိုင်ငံက ပူးတွဲကမကထ ပြုလုပ်သူနိုင်ငံအဖြစ် အစည်းအဝေးတက်ရန်ဖြစ်သည်ဟု ဂျကာတာမြို့ရှိ တောင်အာဖရိကသံရုံးမှ ပြောကြားချက်ကို ဂျကာတာပို့စ်သတင်းစာက ကိုးကားဖော်ပြခဲ့သည်။

နိုင်ငံအစိုးရခေါင်းဆောင် ၆၀ ခန့်သည် အဆိုပါ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် ဂျကာတာသို့ ကြာသပတေးနေ့တွင် ရောက်ရှိကြရန်ရှိသည်။

ရည်ရွယ်

သမ္မတ အမ်ဘီကီ၏ နှစ်ရက်ကြာခရီးစဉ်သည် အင်ဒိုနီးရှားနှင့် နှစ်နိုင်ငံရင်းနှီးချစ်ကြည်မှုများ ပိုမိုခိုင်မြဲရန် ရည်ရွယ်ခြင်းဖြစ်သည်ဟု သိရှိရသည်။

အင်ဒိုနီးရှားနိုင်ငံနှင့် တောင်အာဖရိကနိုင်ငံတို့သည် သက်ဆိုင်ရာဒေသတွင်းရှိ အင်အားကြီးနိုင်ငံများ ဖြစ်ကြသည်။

တောင်အာဖရိကနိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီး နိုဆိုဇာနာဒါမိနိဇူမာသည် အာရှ–အာဖရိကဝန်ကြီး အစည်းအဝေးသို့ တက်ရောက်ရန် တနင်္လာနေ့က ရောက်ရှိလာသည်။ ဝန်ကြီးအစည်းအဝေးကို ဧပြီ ၂၀ ရက်တွင် ကျင်းပခဲ့ကြောင်း တောင်အာဖရိက သံရုံးတာဝန်ခံ မိကီမမ်ဘူကီက ပြောကြားခဲ့သည်။

ကျင်းပ

ရှေ့ရေးတုသဘင်အဖြစ် ကျင်းပသော အာရှ–အာဖရိက ထိပ်သီးအစည်းအဝေးကို သမ္မတအမ်ဘီကီနှင့် ဇူမာတို့နှစ်ဦးစလုံး တက်ရောက်ကြမည်ဖြစ်သည်။ ၁၉၅၅ ခုနှစ်တွင် ဂျာဗားအနောက်ဘက် ဘန်ဒေါင်းမြို့တွင် အာရှ–အာဖရိက ထိပ်သီး အစည်းအဝေးကို ကျင်းပခဲ့ကြသည်။

၁၉၅၅ ခုနှစ်တွင် ကျင်းပခဲ့သော အစည်းအဝေးသို့ တက်ရောက်ရန် တောင်အာဖရိကနိုင်ငံ ဖိတ်ကြားခြင်း မခံခဲ့ရပေ။ ထိုအချိန်တွင် တောင်အာဖရိက၌ အသားအရောင်ခွဲခြားသည့်စနစ်ကို ကျင့်သုံးသော အစိုးရ အုပ်ချုပ်နေချိန်ဖြစ်သည်။ သို့ရာတွင် ယခုလက်ရှိ အာဏာရနေသော ပါတီဖြစ်သည့် အာဖရိကအမျိုးသား ကွန်ဂရက်ပါတီမှ အဖွဲ့ဝင်များဖြစ်သော ကာချာလီအာ၊ နာဒီးနှင့် မိုဆန်ကိုတန်တို့သည် အဆိုပါ အစည်းအဝေးသို့ လေ့လာသူအဖြစ် တက်ရောက်ခဲ့ကြသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***



ဂျပန်နိုင်ငံရှိ တိုယိုတာ စက်ရုံ မော်တော်ယာဉ် တပ်ဆင်ရေး လုပ်ငန်းခွင် တစ်နေရာကို ဧပြီ ၂၀ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

တရုတ်နှင့်ကျူးဘား နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး တိုးမြှင့်မည်

ပေကျင်း ဧပြီ ၂၀

တရုတ်နှင့် ကျူးဘား နှစ်နိုင်ငံခေါင်းဆောင်များသည် ပူးပေါင်းဆောင်ရွက်ရေးနှင့် ဆက်ဆံရေးကိစ္စများကို တိုးမြှင့်ဆောင်ရွက်သွားကြရန် သဘောတူညီခဲ့ကြသည်။

တွေ့ဆုံ

တရုတ်နိုင်ငံသို့ ကျူးဘားနိုင်ငံ အကြီးအကဲ ရောင်းကက်စထရိုရုဇ် လာရောက် လည်ပတ်လျက်ရှိစဉ် တရုတ်ဝန်ကြီးချုပ် ဝမ်ကျားပေါင်နှင့်တွေ့ဆုံခဲ့သည်။ တရုတ်နှင့် ကျူးဘားနိုင်ငံတို့သည် ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးကို ခိုင်မြဲအောင် တည်ဆောက်နိုင်ကြသည့်အပြင် စီးပွားရေးနှင့် ကုန်သွယ်ရေးတွင်ပါ အောင်မြင်သော ပူးပေါင်းဆောင်ရွက်မှုများကို ထူထောင်နိုင်ခဲ့ကြသည်ဟု တရုတ်ဝန်ကြီးချုပ်က တွေ့ဆုံရာ၌ ပြောကြားသွားသည်။

တန်ဖိုးထား

ကျူးဘား–တရုတ်ဆက်ဆံရေးကို တရုတ်ကွန်မြူနစ်ပါတီနှင့် တရုတ်အစိုးရတို့က အထူးတန်ဖိုးထားကြောင်း ဝမ်ကျားပေါင်က ထည့်သွင်းပြောကြားခဲ့သည်။

တရုတ်နိုင်ငံသမ္မတ ဟူကျင်တောင်သည် ပြီးခဲ့သောနှစ် နိုဝင်ဘာလက ကျူးဘားနိုင်ငံသို့ အလည်အပတ်ခရီး သွားရောက်ခဲ့သည်။ ထိုစဉ်က နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်များကို လက်မှတ်ရေးထိုးခဲ့ပြီး စီးပွားရေးနှင့် ကုန်သွယ်ရေးကို အသစ်တစ်ဖန် တိုးချဲ့လုပ်ဆောင်သွားကြရန်လည်း လက်ခံခဲ့ကြသည်။ အဆိုပါ သဘောတူညီခဲ့သည်များကို ဆက်လက်အကောင်အထည်ဖော်ရန်လိုလားကြောင်း တရုတ်ဝန်ကြီးချုပ်ကဆိုသည်။

ကြိုဆိုရာဖွေ

ရောင်းကက်စထရိုသည် ကျူးဘားကွန်မြူနစ်ပါတီ၏ ဒုတိယအထွေထွေ အတွင်းရေးမှူးဖြစ်သည်။တရုတ်ကွန်မြူနစ်ပါတီသည် နိုင်ငံအတွက်သင့်တော်မည့် ဖွံ့ဖြိုးရေးလမ်းကြောင်းကို ကြိုဆိုရာဖွေပြီး အောင်မြင်အောင် ဆောင်ရွက်နိုင်သဖြင့် ကမ္ဘာကပင် အသိအမှတ်ပြုရသော အဆင့်သို့ ရောက်ရှိခဲ့ရကြောင်း ရောင်းကက်စထရိုကပြောကြားသည်။

ထို့အပြင် တရုတ်ကွန်မြူနစ်ပါတီသည် နိုင်ငံ၏ စီးပွားရေးတိုးတက်မှုဖြစ်ထွန်းအောင် ဆောင်ရွက်နိုင်သည်သာမက နိုင်ငံ၏အခြေအနေအရပ်ရပ်ကို အချိုးညီစွာတိုးတက်လာစေရန်ပါ လုပ်ဆောင်နိုင်ခဲ့သည်ဟု ရောင်းကက်စထရိုက တစ်ဆက်တည်း ပြောကြားခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

ကမ္ဘာတွင်လက်ဖက်တင်ပို့မှု အများဆုံးနိုင်ငံ ကင်ညာဖြစ်လာ

နိုင်ရိုဘီ ဧပြီ ၁၉

ကင်ညာနိုင်ငံသည် ယခုအခါ ကမ္ဘာတွင် လက်ဖက်တင်ပို့မှုတွင် အများဆုံးတင်ပို့နိုင်သောနိုင်ငံဖြစ်ကြောင်း ကင်ညာလက်ဖက် ဖွံ့ဖြိုးရေးအေဂျင်စီ (ကေတီဒီအေ)၏ ပြောကြားချက်ကို ဒေသဆိုင်ရာ သတင်းစာက တနင်္လာနေ့တွင် ရေးသားဖော်ပြခဲ့သည်။

အရှေ့အာဖရိကနိုင်ငံသည် သီရိလင်္ကာကို လက်ဖက်တင်ပို့မှုတွင် ကျော်လွန်ခဲ့သည်။ အရှေ့အာဖရိကနိုင်ငံသည် ယမန်နှစ်က လက်ဖက်ကီလို ၁၂၃ သန်း တင်ပို့ခဲ့ပြီးနောက် လက်ဖက်အများဆုံး တင်ပို့သောနိုင်ငံဖြစ်လာကြောင်း ကေတီဒီအေအဖွဲ့၏ မန်နေဂျင်းဒါရိုက်တာ လီရီအွန်ကာတမ်ပါတီ၏ ပြောကြားချက်ကို ဒေးလီးနေးရှင်းသတင်းစာမှ ကိုးကားဖော်ပြခဲ့သည်။

ကင်ညာနိုင်ငံသည် လက်ဖက် ထုတ်လုပ်မှုဖြင့် နိုင်ငံခြားငွေ အများဆုံးရရှိကြောင်း၊ ကြီးမားသော စိန်ခေါ်မှုများနှင့်လည်းရင်ဆိုင်နေရကြောင်း ကေတီဒီအေအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။

ကင်ညာလက်ဖက်သည် ကမ္ဘာ့ဈေးကွက်တွင် တန်ဖိုးနည်းခြင်း၊ ကုန်များပိုလျှံခြင်းတို့နှင့် ရင်ဆိုင်ခဲ့ရသည်။ အခြားစိန်ခေါ်မှုများတွင် ထုတ်ကုန်ပစ္စည်း၊ အလုပ်သမား ကုန်ကျစရိတ်နှင့် ပါကစ္စတန်နိုင်ငံကို အားထားမှုများ၊ ပြုလုပ်ခဲ့မှုများ ပါဝင်သည်။ ပါကစ္စတန်နိုင်ငံသည်အဓိက လက်ဖက်ဝယ်ယူသောနိုင်ငံ ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ရှိ ဆောက်လုပ်ရေးလုပ်ငန်းခွင် တစ်နေရာတွင် လုပ်သားများ လုပ်ငန်းဆောင်ရွက်နေသည်ကို ဧပြီ ၂၀ရက်က တွေ့မြင်ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

အင်ဒိုနီးရှား၏ နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု ယခုနှစ် ပထမသုံးလပတ်တွင် ၁၇၃ ရာခိုင်နှုန်း မြင့်တက်

ဂျကာတာ ဧပြီ ၁၈

အင်ဒိုနီးရှားနိုင်ငံ၏ ရေနံလုပ်ငန်းတွင်မဟုတ်သော နိုင်ငံခြားတိုက်ရိုက်ရင်းနှီး မြှုပ်နှံမှု(အက်ဖ်ဒီအိုင်) ပမာဏသည် ယခုနှစ် ပထမသုံးလတာကာလတွင်လွန်ခဲ့သည့်နှစ်အလားတူကာလနှင့်နှိုင်းယှဉ်ပါက ၁၇၃ရာခိုင်နှုန်းတိုးတက်ကာ အမေရိကန်ဒေါ်လာ ၄ဒသမ၂၈ ဘီလီယံဖိုးအထိ တိုးတက်လာကြောင်း အင်ဒိုနီးရှားရင်းနှီးမြှုပ်နှံမှုညှိနှိုင်းရေးဘုတ်အဖွဲ့က စနေနေ့တွင် ပြောကြားသည်။

အတည်ပြု

၂၀၀၅ခုနှစ် ပထမသုံးလတာကာလတွင် အမေရိကန်ဒေါ်လာ ၂ဒသမ ၆၉ ဘီလီယံဖိုး ရင်းနှီးမြှုပ်နှံရန် ကတိပြုချက်များနှင့်အတူ နိုင်ငံခြားတိုက်ရိုက်ရင်းနှီး မြှုပ်နှံမှုစီမံကိန်းပေါင်း ၂၈၅ခုကို ရင်းနှီး မြှုပ်နှံမှုညှိနှိုင်းရေးဘုတ်အဖွဲ့က အတည်ပြုပေးခဲ့ကြောင်း၊ လွန်ခဲ့သည့်နှစ်အလားတူ ကာလကမူ အမေရိကန်ဒေါ်လာ ၄၅၄ သန်းဖိုးရှိ စီမံကိန်း ၂၂၅ ခုကို အတည်ပြုပေးခဲ့ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ယခုနှစ်ပထမသုံးလပတ်တွင် အမေရိကန်ဒေါ်လာ ၆၈၄ ဒသမ ၅သန်းဖိုးရှိ လုပ်ငန်းတိုးချဲ့မှု စီမံကိန်း ၈၁ ခုကို အတည်ပြုပေးခဲ့သည်။ လွန်ခဲ့သည့်နှစ် အလားတူကာလကမူ အမေရိကန်ဒေါ်လာ ၆၉၉သန်းဖိုးရှိ အလားတူစီမံကိန်းပေါင်း ၆၇ခုကို ခွင့်ပြုပေးခဲ့သည်။

အဆိုပါကာလအတွင်း ပြည်တွင်းရင်းနှီးမြှုပ်နှံမှုစီမံကိန်းပေါင်း ၃၇ခုကို အက်ဖ်ဒီအိုင်အဖြစ်သို့ ပြောင်းလဲရန် ရင်းနှီးမြှုပ်နှံမှုဘုတ်အဖွဲ့က သဘောတူညီခဲ့သည်။ ယင်းစီမံကိန်းများ၏ ရင်းနှီးမြှုပ်နှံမှုငွေကြေးမှာ အမေရိကန်ဒေါ်လာ ၈၉၉သန်းဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

နီပေါလက်မှုပစ္စည်းများတင်ပို့မှုမြင့်တက်

ခတ္တမန္ဒူ ဧပြီ ၁၉

နီပေါနိုင်ငံကထုတ်လုပ်သော လက်မှုပစ္စည်းများတင်ပို့ရောင်းချမှုမှာ လက်ရှိဘဏ္ဍာရေးနှစ်၏ ကိုးလတာကာလတွင် ၇ ရာခိုင်နှုန်း မြင့်တက်လာကြောင်း နီပေါလက်မှုပညာအသင်း (အိပ်ချ်အေအင်)က တနင်္ဂနွေနေ့တွင် ပြောကြားသည်။

နီပေါနိုင်ငံသည် ၂၀၀၄ခုနှစ်ဇူလိုင်လလယ်မှ ၂၀၀၅ခုနှစ် ဧပြီလလယ်အထိ အမေရိကန် ဒေါ်လာသန်း၃၀တန်ဖိုးရှိ လက်မှုပစ္စည်းများကို တင်ပို့ရောင်းချခဲ့ပြီး ယမန်နှစ်အလားတူကာလတွင် အမေရိကန်ဒေါ်လာ ၂၇ သန်းဖိုးမျှသာ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း အိပ်ချ်အေအင်က ပြောကြားသည်။

ဂျာမနီ၊ ထိုင်ဝမ်၊ တိဘက်၊ ယူအေအီးနှင့် ချက်တို့သို့ လက်မှုပစ္စည်းများ ပိုမိုတင်ပို့ရောင်းချနိုင်ခဲ့သည်။ ယူအေအီး၊ချက်၊ တိဘက်နှင့် ထိုင်ဝမ်ဒေသတို့သို့ လက်မှုပစ္စည်းများ တင်ပို့ရောင်းချမှုမှာ ၃၆၇ရာခိုင်နှုန်း၊ ၁၁၃ရာခိုင်နှုန်း၊ ၆၇ရာခိုင်နှုန်းနှင့် ၆၈ရာခိုင်နှုန်းအသီးသီး မြင့်တက်ခဲ့ကြောင်း အိပ်ချ်အေအင်က ထုတ်ပြန်သော စာရင်းများတွင်ဖော်ပြထားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

နားရိုင်းကျေးရွာဟု ခေါ်ပါသည်

ဆောင်းပါးရေးဖို့ရာ စိတ်ကူးလိုက်သည်ခဏ ပထမဆုံး ကျွန်တော့်အာရုံတွင် ပြက်ပြက်ထင်ထင် ပေါ်လာသည်က ရွာငယ်လေးတစ်ရွာ။ ထိုရွာကလေးသည် ရှမ်းပြည်နယ် (တောင်ပိုင်း) နမ့်စန်မြို့နယ်အတွင်းရှိနေသည်။ အခါ အခွင့်သင့်တိုင်း ကျွန်တော်၏ ဆောင်းပါးအချို့၌ သည်ရွာလေး၏ အမည်နာမကို ထည့်သွင်းရေးသားခဲ့သော်ငြား သိသူရှားပါလိမ့်မည်။ ရောက်ဖူးသူမရှိသလောက် နည်းပါလိမ့်မည်။ လူမနီးသူမနီးအရပ်မှ လူမသိသူမသိ ရွာကလေး တစ်ရွာဟု ဆိုသော်ရ၏။

ဤရွာကလေးကို နားရိုင်းကျေးရွာဟုခေါ်ပါသည်။

၁၉၉၆ ခုနှစ်တွင် ဦးခွန်ဆာခေါင်းဆောင်သော MTA အဖွဲ့ကြီး အကြွင်းမဲ့လက်နက်စွန့်ခဲ့ရာ လွယ်မော် တပ်ဖွဲ့ဝင်များအနက် တချို့က ဖယ်ခုံမြို့နယ်အတွင်း ရွှေပြည်အေး (ကသဲကွင်း)မှာ အခြေပြုနေထိုင်ကြသည်။ တချို့က ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ်အတွင်းရှိ မန်ပန်ကျေးရွာတွင် နေထိုင်ကြသည်။ တချို့က မိုင်းရယ်မြို့နယ်အတွင်းရှိ မုန်းဟင်/မုန်းဟဒေသမှာ။ ဟိုမိန်းနှင့် မုန်းထော်/မုန်းထမှာ အခြေပြု နေထိုင်သူများလည်း ရှိကြသည်။

သည်အထဲမှာ ဦးလီချန်းတို့အဖွဲ့ နေရာရွေးပုံက နည်းနည်းတော့ အံ့သြစရာကောင်းနေသည်။ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပြီး သွားရေးလာရေး လွယ်ကူသည့် နမ့်စန်မြို့နှင့် နီးနီးနားနား ကျွန်တော်တို့ နေချင်ပါသည်ဟုမပြော။ မိုးနဲမြို့နားမှာ ရွာတည်ပေးပါဟူ၍လည်း မတောင်းဆို။ တိုင်းမှူးထံတင်ပြ၍ လက်ရှိ နားရိုင်းကျေးရွာ၌ပင် အခြေချနေထိုင်ခဲ့ကြသည်။ စတင်နေထိုင်စဉ်က နားရိုင်းကျေးရွာရယ်လို့ ပီပီပြင်ပြင် မရှိသေး။ ချုံနွယ်

စုံညီပွဲတော် နွဲပျော်စို့တစ်လီ။

ပိတ်ပေါင်းများကို ခုတ်ထွင်ရှင်းလင်းပြီး တပ်ဖွဲ့ဝင်တွေ နေထိုင်ဖို့ သက်ကယ်မိုးထရံကာ ယာယီတဲရှည်ကြီးတွေထိုးသည်။ ခေါင်းဆောင်ပိုင်းအတွက် တဲအိမ်ငယ်လေးများ ဆောက်သည်။ စိုက်ရေးပျိုးရေးအတွက် နှစ်တိုသီးနှံ၊ နှစ်ရှည်သီးနှံ မရွေးအားသေး။ အလွယ်ကူဆုံးနှင့် အဖြစ်နိုင်ဆုံး သီးနှံပြောင်းခင်းတွေ စစိုက်သည်။ ကိုယ့်အားကိုယ်ကိုး အစီအစဉ်ဖြင့် မူလတန်းကျောင်း စဖွင့်သည်။

ဤပုံဤနှယ် စတင်အခြေတည်ခဲ့သော နားရိုင်းကျေးရွာ။ တဖြည်းဖြည်းနှင့် တဲအိမ်ကလေးတွေနေရာမှာ သွပ်မိုးအုတ်ညှပ် အိမ်ကလေးများ နေရာယူလာကြသည်။ ရွာဦးတွင် ဘုန်းတော်ကြီးကျောင်းနှင့် စေတီတစ်ဆူ တင့်တယ်စွာ ပေါ်ပေါက်လာသည်။ နိုင်ငံတော်အစိုးရက ဟိုင်းနားလေး–နားရိုင်းလမ်းကို ကျောက်ခင်းလမ်း ဖောက်လုပ်ပေးပြီး ၎င်းလမ်းပေါ်၌ တံတားငယ် ၁၄ စင်း တည်ဆောက်ပေးခဲ့သည်။ ဒေသခံ တိုင်းရင်းသားတို့ သွားလာရေး အဆင်ပြေချောမွေ့စေရန် နားရိုင်း–မိုင်းဆစ် လမ်းပေါ်၌ နားရိုင်းတံတားကို တည်ဆောက်ပေးခဲ့သည်။ အခြေခံပညာမူလတန်းကျောင်းနှင့် ကျေးလက်ကျန်းမာရေး ဌာနခွဲများ ဖွင့်လှစ်ပေးခဲ့သည်။ နားရိုင်းကျေးရွာ ဘုန်းတော်ကြီးကျောင်း ဆောက်လုပ်ရေးအတွက် ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

လူမနီးသူမနီးအရပ်မှ လူမသိသူမသိ ရွာကလေးတစ်ရွာဟု ကျွန်တော်ဆိုခဲ့ပါသည်။ သို့သော် ဤကဲ့သို့ လူမနီးသူမနီး ကျေးရွာငယ်လေး၌ ဖွင့်လှစ်ထားသော မူလတန်းကျောင်းကလေးတွင် နှစ်စဉ် နှစ်စဉ် ပညာရေး စုံညီပွဲတော်ကျင်းပနေကြောင်း သိရှိရသောအခါ ကျွန်တော်အံ့သြခြင်းမကဖြစ်မိသည်။ ကျောင်းသား၊ ကျောင်းသူဦးရေ ၁၅၀ ကျော်ရှိပြီး လွတ်လပ်ရေးနေ့၊ ပြည်ထောင်စုနေ့နှင့် သက်ဆိုင်သော အခမ်းအနားများကိုလည်း ဆရာ၊ ဆရာမများက ဦးဆောင်၍ မိမိတို့တတ်စွမ်းသမျှ ကျင်းပပြုလုပ်ခဲ့ကြသည်။ အာဟာရတိုက်ကျွေးခြင်း လုပ်ငန်းများကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြသည်။ စုံညီပွဲတော်၌ ကစားနည်းမျိုးစုံနှင့် ပျော်ပွဲရွှင်ပွဲများလည်းပါဝင်သည်။

နားရိုင်းကျေးရွာပတ်ဝန်းကျင်တွင် စိုက်ပျိုးထားသော ရာသီသီးနှံစိုက်ခင်းများကိုကြည့်၍ ဘုရားကုန်း ငြိမ်းချမ်းရေးရွာမှ ဖထီး(ပဒိုအောင်ဆန်း)၏ ပြောစကားများကို အမှတ်ရမိသည်။ "လက်နက်နှင့် ငြိမ်းချမ်းရေး လဲလှယ်ရန် ကမ်းလှမ်းခဲ့စဉ်က လူကြီးများက လှိုက်လှိုက်လှဲလှဲ ကြိုဆိုလက်ခံခဲ့တဲ့အတွက် အလွန်ဝမ်းသာမိပါတယ်။ ကျွန်တော်တို့အဖွဲ့အနေနဲ့ လက်နက်နှင့်ငြိမ်းချမ်းရေး လဲလှယ်ပြီးစဉ်က စပြီး တိုင်းပြည်ရဲ့ စိုက်ပျိုးရေးလုပ်ငန်းတွေ တိုးတက်ဖွံ့ဖြိုးလာအောင် အားသွန်ခွန်စိုက် လက်တွဲပါဝင်ဆောင်ရွက်ဖို့ သန္နိဋ္ဌာန်ချထားပါတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့အဖွဲ့ကို နိုင်ငံသားစိစစ်ရေးကတ် ပြုလုပ်ပေးခဲ့စဉ်က အလုပ်အကိုင်နေရာမှာ "လယ်သမား"လို့ သတ်မှတ်စေခဲ့ပါတယ်။ ကျွန်တော်တို့ ဒီနှစ်ရာသီမှာ စပါး ဧက ၁၀၀ စပြီး စိုက်ပျိုးဖို့ ပျိုးထောင်ပြီးပါပြီ၊ ပင်ထောင်စိုက်နည်းရော၊ စက်စိုက်၊ လက်စိုက်ပါ စမ်းသပ်စိုက်ပျိုးမှာဖြစ်ပါတယ်။ နိုင်ငံတော်အနေနဲ့ မျိုးစပါး၊ ဓာတ်မြေသြဇာမှအစ စက်ကိရိယာတွေပါ ပံ့ပိုးပေးတဲ့အတွက် လွန်စွာမှအားရမိပါတယ်။ ဒေသခံလယ်သမားတွေအနေနဲ့ စိုက်ပြီးစပါးတွေ ရေမြုပ်မှာကို အလွန်စိုးရိမ်ခဲ့ကြပါတယ်။ အခု ရေနုတ်မြောင်းတွေကို နိုင်ငံတော်အစိုးရက စနစ်တကျတူးပေးတဲ့အတွက် စိုးရိမ်သောကတွေ လျော့ပါးပြီး အားလုံးက ကျေးဇူးတင်နေကြပါတယ်။ မိုးကုန်ပြီးရင် နွေစပါး ဧက ၁၀၀ ကျော် စိုက်ပျိုးဖို့ စီစဉ်ထားပါတယ်။ ကြံနှင့်ရော်ဘာကိုလည်း စိုက်ပျိုးသွားမှာပါ။ မွေးမြူရေးအနေနဲ့ကတော့ ကြက်၊ ဝက် မျိုးကောင်း မျိုးသန့်များနဲ့ ငါးကန်များတူးဖော် မွေးမြူသွားမှာ ဖြစ်ပါတယ်"ဟု ပြောခဲ့ဖူးသည်။

မြင့်စိုး(နတလ)

တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့်အဖွဲ့ဝင်များ နားရိုင်းအခြေခံပညာအလယ်တန်းကျောင်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်စဉ်။

၂၀၀၅ ခုနှစ် မတ်လ ၂၇ ရက်နေ့တွင် ကျရောက်သော နှစ်(၆၀)ပြည့် တပ်မတော်နေ့ကို ပြည်ထောင်စု မြန်မာနိုင်ငံတော် တစ်ဝန်းလုံးရှိ တိုင်းရင်းသားပြည်သူများက လှိုက်လှိုက်လှဲလှဲ ဂုဏ်ပြုကြိုဆိုသကဲ့သို့ နားရိုင်းကျေးရွာနေ ဒေသခံတို့ကလည်း ဖွံ့ဖြိုးရေးလုပ်ငန်းအစုစုတို့ ဖွင့်လှစ်လိုက်ခြင်းဖြင့် ဂုဏ်ပြုကြိုဆိုခဲ့ကြသည်။

ယခုနားရိုင်းကျေးရွာတွင် နေထိုင်ကြသော ဦးလီချန်း ခေါင်းဆောင်သည့် အမ်တီအေတပ်ဖွဲ့ဝင်ဟောင်းများအနေဖြင့်လည်း အလုပ်အကိုင်နေရာ၌ အားလုံးလိုလို "လယ်သမား" ဟူ၍ပင် ဖြည့်စွက်ထားမည်လား မသိ။ ရာသီသီးနှံပြောင်းကို အဓိကထားစိုက်ပြီး တောင်ယာစပါး၊ ပန်းနှမ်း၊ ကြက်သွန်ဖြူနှင့် ပဲပုပ်များကိုပါ စိုက်ပျိုးကြသည်။ ယခုနှစ် စိုက်ပျိုးရာသီ၌ ဧက ၂၅၈၀ စိုက်ပျိုးခဲ့သည်။ ဧက ၆၀၀ ကျော် ဆက်လက် ဖော်ထုတ်လျက်ရှိသည်။ နှစ်ရှည်သီးနှံအဖြစ် ရှောက်၊ လိမ္မော်တို့ကိုပါ စမ်းသပ်စိုက်ပျိုးလျက်ရှိသည်။ ဝက်မွေးမြူရေးနှင့် ငါးမွေးမြူရေး လုပ်ငန်းများလည်း တိုးချဲ့ဆောင်ရွက်လျက်ရှိသည်။

ယနေ့အချိန်၌ နားရိုင်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းကို အခြေခံပညာအလယ်တန်းကျောင်း အဖြစ်သို့လည်းကောင်း၊ ကျေးလက်ကျန်းမာရေးဌာနခွဲကို ကျေးလက်ကျန်းမာရေးဌာနသို့လည်းကောင်း အဆင့်တိုးမြှင့်ပေးပြီးဖြစ်သည်။ နားရိုင်းကျေးရွာနှင့် ပတ်ဝန်းကျင်မှ ဒေသခံတိုင်းရင်းသားပြည်သူများ ဖမ်းယူကြည့်ရှုနိုင်ရန်အတွက် လွှင့်အား ၁၀ ဝပ်ရှိ ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံတစ်ရုံကိုလည်း တည်ဆောက်ပေးထားပြီးဖြစ်သည်။ အလယ်တန်း ကျောင်းဆောင်သစ် ဆောက်လုပ်ရေးအတွက်လည်း ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

၂၀၀၅ ခုနှစ် မတ်လ ၂၇ ရက်နေ့တွင် ကျရောက်သော နှစ်(၆၀)ပြည့် တပ်မတော်နေ့ကို ပြည်ထောင်စုမြန်မာနိုင်ငံတော် တစ်ဝန်းလုံးရှိ တိုင်းရင်းသားပြည်သူများက လှိုက်လှိုက်လှဲလှဲ ဂုဏ်ပြုကြိုဆိုသကဲ့သို့ နားရိုင်းကျေးရွာနေ ဒေသခံတို့ကလည်း ဖွံ့ဖြိုးရေးလုပ်ငန်းအစုစုတို့ ဖွင့်လှစ်လိုက်ခြင်းဖြင့် ဂုဏ်ပြုကြိုဆိုခဲ့ကြသည်။

မတ်လ ၂၀ ရက် နံနက် ၈ နာရီအချိန်မှ စတင်ကာ နားရိုင်းကျေးရွာ ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံဖွင့်ပွဲ အခမ်းအနား၊ အခြေခံပညာအလယ်တန်းကျောင်း ဖွင့်ပွဲ အခမ်းအနား၊ ကျန်းမာရေးဌာနဖွင့်ပွဲ အခမ်းအနား၊ ဟိုင်းနားလေး–နားရိုင်း ကျောက်ချောလမ်း ဖွင့်ပွဲ အခမ်းအနားများကိုကျင်းပရာ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ဦးလီချန်းခေါင်းဆောင်သော နားရိုင်းဒေသဖွံ့ဖြိုးရေးနှင့် ဘဝသစ်ထူထောင်ရေးအဖွဲ့မှ တပ်ဖွဲ့ဝင်များ၊ နားရိုင်းဒေသမှ ဒေသခံတိုင်းရင်းသားပြည်သူများ စုံစုံညီညီတက်ရောက်ကြသည်။ တိုင်းမှူးသည် နားရိုင်းကျေးရွာခန်းမ၌ ဒေသခံတိုင်းရင်းသားများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ညှိနှိုင်းမှာကြားကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

နားရိုင်းကျေးရွာတွင် ယခင်က လူသွားလမ်း၊ လား၊ မြင်းသွားလမ်းသာရှိခဲ့ရာမှ ယခု မော်တော်ကားလမ်းပေါ်ပေါက်လာခြင်းအတွက် ဒေသခံတို့ ဝမ်းမြောက်ကြပါလိမ့်မည်။ မူလတန်းကျောင်းဖွင့်လှစ်ခွင့်ရစဉ်က မိမိတို့ရင်သွေးငယ်များအတွက် စိတ်ချမ်းမြေ့ခဲ့ကြရသလို ယခုအလယ်တန်းကျောင်းအဆင့် တိုးမြှင့်ပေးလိုက်သောအခါ အိုးမကွာအိမ်မကွာဆက်လက်သင်ယူခွင့်ရခဲ့ကြသည်။ ရွာတည်ရန်ချုံနွယ်ပိတ်ပေါင်းများ ခုတ်ထွင်ရှင်းလင်းခဲ့ကြစဉ်က သည်နေရာလေးဟာဖြင့် နောင်တစ်ချိန် ဆေးပေးခန်းဖြစ်လာမည့်နေရာ၊ သည်နေရာက ဈေးတန်း၊ သည်နေရာက စုပေါင်းခန်းမစသည်ဖြင့် မည်သူကမျှ ကြိုတင်မှန်းဆထားမည် မဟုတ်ပါ။ နေရေးအဓိက ဖြစ်ပါလိမ့်မည်။

ထို့အတူ ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံတည်ဆောက်ဖွင့်လှစ်ပေးခဲ့ခြင်းအပေါ် ဒေသခံတို့နှင့်အတူ ဝမ်းမြောက်မိသည်။ တောကြိုအုံကြားမှာ စမ်းတဝါးဝါး ဘဝမျိုးမဟုတ်တော့။ အရာရာကို ကြည့်မြင်ခံစားနားလည်နိုင်ပြီ။ အဝေးမှကြည့်ကြည့်၊ အနီးမှ ကြည့်ကြည့် ဘုရားကျောင်းကန်စေတီတို့ဖြင့် တင့်တင့်တယ်တယ် တည်ရှိနေသော၊ ကလေးငယ်များ၏ စာအံသံတို့ တက်ကြွလွှင့်ပျံ့နေသော၊ စုပေါင်းခန်းမ၊ ဆေးပေးခန်း၊ ဈေးတန်းများနှင့် ဝေစည်နေသော၊ စိုက်ခင်းများနှင့် စိမ်းမြလန်းဆန်းနေသော ရွာကလေးတစ်ရွာ။ ထိုရွာကို **"နားရိုင်းကျေးရွာဟုခေါ်ပါသည်"။** ။

နားရိုင်းကျေးရွာငါးကန်နှင့် ဝက်မွေးမြူရေးခြံများ။



သက်ကြီးပူဇော်ပွဲ မြစ်ကြီးနားမြို့၌ကျင်းပ
တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေနှင့်ဇနီး တက်ရောက်

ရန်ကုန် ဧပြီ ၂၁

မြစ်ကြီးနားမြို့ သက်ကြီးပူဇော်ပွဲနှင့် ဇီဝိတဒါန ငါးလွှတ်ပွဲ အခမ်းအနားကို ၁၃၆၇ခုနှစ် မြန်မာနှစ်ဆန်းတစ်ရက်နေ့ ဧပြီ ၁၇ရက် ညနေပိုင်းက မြစ်ကြီးနားမြို့ သာသနာ့ဗိမာန်၌ကျင်းပရာ အခမ်းအနားသို့ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေနှင့်ဇနီး၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်စံထွန်းနှင့် တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးမောင်မြို့နှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်၊ ကျေးရွာဥက္ကဋ္ဌများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဖိတ်ကြားထားသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အစီအစဉ်အရ တိုင်းမှူးနှင့်ဇနီး၊ ဧည့်ပရိသတ်များက အဘိုး၊ အဘွားများအား ကန်တော့ကြရာ အဘိုးတစ်ဦးက ဆုတောင်းမေတ္တာ ပြန်လည်ပို့သသည်။

ပေးအပ်လှူဒါန်း

ထို့နောက် တိုင်းမှူးနှင့်ဇနီး၊ တာဝန်ရှိသူများက အဘိုး၊ အဘွားများအား အာဟာရဖြည့်အစားအစာများ၊ ဆေးဝါးများနှင့် အသုံးအဆောင်ပစ္စည်းများ၊ အဝတ်အထည်များ၊ ထောက်ပံ့ငွေများကို ပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ ဇီဝိတဒါန ငါးလွှတ်ပွဲကို သာသနာ့ဗိမာန်တော်အနီး ဧရာဝတီမြစ်ကမ်းဘေး၌ကျင်းပရာ တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေနှင့်ဇနီး၊ တက်ရောက်လာကြသူများသည် သတ်မှတ်နေရာများတွင် နေရာယူကြပြီး ငါးများကို ဇီဝိတဒါနအဖြစ် ဧရာဝတီမြစ်အတွင်း လွှတ်ပေးကြကာ အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ဖျာပုံမြို့နယ်အသင်း ဂုဏ်ပြုပူဇော်ပွဲ ကျင်းပ

ရန်ကုန် ဧပြီ ၂၁

အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော် ဆက်ကပ်ခြင်းခံရသော ဖျာပုံမြို့နယ် သမိန်ထောသိမ်ကုန်းကျေးရွာ သဒ္ဓါဓိက မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာကျောင်းဆရာတော် ဘဒ္ဒန္တ စန္ဒိမာဘိဝံသနှင့် ဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော် ဆက်ကပ်ခြင်းခံရသော ဖျာပုံမြို့ သီရိမင်္ဂလာ ကံဦးပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တ တိက္ခဉာဏတို့အား ဖျာပုံမြို့နယ်အသင်း(ရန်ကုန်)မှကြီးမှူး၍ ဂုဏ်ပြုပူဇော်ပွဲကို မတ်၂၇ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် ဆရာကြီးဦးထွန်းအောင်-ဒေါ်ခင်ရီမိသားစုတို့က အသင်းဥက္ကဋ္ဌ ဗိုလ်မှူးကြီးစိန်သန်းထံ ပညာရေးစောင့်ရှောက်မှု ထာဝရငွေပဒေသာပင် အလှူငွေကျပ်နှစ်သိန်း ပေးအပ်လှူဒါန်းသည်။ (က-ပ)

ဩစတြေးလျ ဓနသဟာယနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ပြောင်းရွှေ့ခန့်အပ်

ရန်ကုန် ဧပြီ ၂၂

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌသည် ဘရူနိုင်းဒါရုဆလမ်နိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးသက်ဝင်းအား ဩစတြေးလျ ဓနသဟာယနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ သံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်လိုက်ပြီးဖြစ်သည်။ (သတင်းစဉ်)

ယူနိုက်တက်ကင်းဒမ်းနှင့် မြောက်အိုင်ယာလန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ပြောင်းရွှေ့ခန့်အပ်

ရန်ကုန် ဧပြီ ၂၂

ပြည်ထောင်စုမြန်မာနိုင်ငံတော် - နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌသည် ကိုရီးယားသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးနေဝင်းအား ယူနိုက်တက်ကင်းဒမ်းနှင့် မြောက်အိုင်ယာလန်နိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ သံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်လိုက်ပြီးဖြစ်သည်။ (သတင်းစဉ်)

ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ အစည်းအဝေးတက်ရောက်ရန် ထွက်ခွာ

ရန်ကုန် ဧပြီ ၂၁

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Xi' An မြို့တွင် ဧပြီ ၂၁ရက်မှ ၂၂ရက်အထိ ကျင်းပမည့် ၂၀၀၅ခုနှစ် အာရှ-ဥရောပ ဘဏ္ဍာရေး ဒုတိယဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်ရန် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ထွက်ခွာသွားသည်။

ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့အား မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်နှင့် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မိသားစုများကလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

ဒုတိယဝန်ကြီးနှင့်အတူ အဖွဲ့ဝင်အဖြစ် မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှ ညွှန်ကြားရေးမှူး ဦးနေအေးလည်း လိုက်ပါသွားသည်။

(သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဩစတြေးလျသံအမတ်ကြီး ခန့်အပ်ရန်သဘောတူ

ရန်ကုန် ဧပြီ ၂၂

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရသည် မြန်မာနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ဩစတြေးလျနိုင်ငံ သံအမတ်ကြီးအဖြစ် မစ္စတာပေါလ်ဂျန်ဂရစ်ဆန်၏နေရာတွင် မစ္စတာရောဘတ်ဂျိုးဇက်(ဖ်) ဒေးဗစ်(စ်)အား ခန့်အပ်ရန် သဘောတူလိုက်ပြီးဖြစ်သည်။

မစ္စတာရောဘတ် ဂျိုးဇက်(ဖ်)ဒေးဗစ်(စ်)သည် ၁၉၄၇ခုနှစ်တွင် မွေးဖွားခဲ့ပြီး နယူးဆောက်ဝေးလ်တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ရရှိခဲ့သည်။ ၎င်းသည် ဂျပန်နိုင်ငံ၊ ကိုရီးယားနိုင်ငံများရှိ ဩစတြေးလျသံရုံးများနှင့် ဩစတြေးလျနိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန၌ ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ မစ္စတာဒေးဗစ်(စ်)သည် ၂၀၀၁ခုနှစ်မှ ၂၀၀၃ ခုနှစ်အထိ ဆော်လမွန်နိုင်ငံဆိုင်ရာ ဩစတြေးလျမဟာမင်းကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး လက်ရှိတွင် ဩစတြေးလျနိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန၊ သတင်းဆိုင်ရာ စာရွက်စာတမ်းစုဆောင်းရေးဌာန၌ လက်ထောက်ဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

မစ္စတာ ရောဘတ်ဂျိုးဇက်(ဖ်)ဒေးဗစ်(စ်)သည် အိမ်ထောင်သည်တစ်ဦးဖြစ်ပြီး သမီးသုံးယောက်ရှိသည်။ (သတင်းစဉ်)

ပို့ဆောင်

တရုတ်ပြည်သူ့ သမ္မတနိုင်ငံ Xi' An မြို့တွင် ကျင်းပမည့် ၂၀၀၅ခုနှစ် အာရှ-ဥရောပ ဘဏ္ဍာရေး ဒုတိယဝန်ကြီးများ အစည်းအဝေးတက်ရောက်ရန် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ထွက်ခွာရာ ပို့ဆောင်နှုတ်ဆက်သူများနှင့်အတူ တွေ့ရစဉ်။

(ဘဏ္ဍာ/အခွန်)

ကြိုဆိုနှုတ်ဆက်

ဧပြီ ၂၁ရက်က နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူနှင့်ဇနီး ယူနိုက်တက်ကင်းဒမ်းနှင့် မြောက်အိုင်ယာလန်နိုင်ငံ ဒုတိယမြောက် အယ်လစ္ဇဘက် ဘုရင်မကြီး၏ မွေးနေ့ပွဲသို့ တက်ရောက်ရာ မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်နိုင်ငံ သံအမတ်ကြီး Ms. Vicky Bowman ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ထူးခြားသည့် နေ့အပူချိန်များ

၂၁-၄-၂၀၀၅

ဘားအံမြို့

၄၂ ဒီဂရီစင်တီဂရိတ်

(၁၀၈ ဒီဂရီဖာရင်ဟိုက်)

ရွှေကျင်မြို့

၄၁ ဒီဂရီစင်တီဂရိတ်

(၁၀၆ ဒီဂရီဖာရင်ဟိုက်)

မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်

ရန်ကုန် ဧပြီ ၂၁

လွန်ခဲ့သော (၂၄)နာရီအတွင်းက ချင်းပြည်နယ်တွင် နေရာအနှံ့အပြား၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ရမည်းသင်းမြို့နှင့် ကော့သောင်းမြို့တို့တွင် ဝဒသမ ၃၉လက်မစီတို့ဖြစ်ကြသည်။ ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပါသည်။

ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ကျန်ဒေသများတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ရွာရန်ရာနှုန်း(၆၀)ဖြစ်သည်။ နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

ဖခင် ဦးတင်မောင်ဝင်း၊ မိခင် ဒေါ်ဖြူဖြူတို့အား အမှူးထား၍ သမီး မစန္ဒာဝင်းက ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရ ဆေးပဒေသာပင် အလှူငွေကျပ်တစ်သိန်းကို ဧပြီ ၈ရက်က လှူဒါန်းရာ ဆေးရုံ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကိုကိုကြီး လက်ခံယူစဉ်။ (က-ပ)

ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ပါဝင်သည့် ပြည်နယ်/ တိုင်းစသည့် နိုင်ငံတော်၏

စဝ်ခမ်ဖ၏ ကြေညာချက်သည် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ပျက်ပြားစေ၍ တိုင်းရင်းသားမျ

နိုင်ငံတော်၏ ရှေ့ဆက်သွားရမည့် မူဝါဒလမ်းစဉ်(၇)ရပ်သည်သာလျှင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံ

ကျောဖုံးမှ

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
အမှတ်(၉၇/ခ)၊ အနောက်ရွှေဂုံတိုင်လမ်း
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့
ကြေညာချက်

တိုင်းရင်းသားများအရေးနှင့်ပတ်သက်၍ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ မူဝါဒများမှာ–

(၁) အမိမြန်မာနိုင်ငံတော်ကို ဒီမိုကရေစီကျင့်စဉ်များဖြင့်စစ်မှန်သော "ပြည်ထောင်စုမြန်မာနိုင်ငံတော်"အဖြစ် ဖွဲ့စည်းတည်ဆောက်ရန်၊

(၂) တိုင်းရင်းသားလူမျိုးအားလုံး လက်တွဲမဖြုတ်စတမ်း သွေးစည်းညီညွတ်မှုဖြင့် ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲရေး၊ ပြည်ထောင်စု ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်ထောင်စုကြီး ငြိမ်းချမ်းသာယာရေးကို ဦးတည်ရှေးရှုမည်။

(၃) ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ပါဝင်သည့် ပြည်နယ်/တိုင်း စသည့် နိုင်ငံတော်၏ နယ်မြေအပိုင်းအခြားဟူသမျှသည် နိုင်ငံတော်မှ မည်သည့်အခါမျှ ခွဲမထွက်ရ။

(၄) နိုင်ငံတော်သည် တန်းတူရည်တူဖြစ်ကြသော ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း အစရှိသော တိုင်းရင်းသားလူမျိုးနွယ်စုများနှင့် ပေါင်းစပ်ဖွဲ့စည်းထားသော နိုင်ငံဖြစ်သည်။

အဖွဲ့ချုပ်၏ အထက်ပါမူများနှင့် မကိုက်ညီသည့် ကြံစည်ချက်များ၊ လုပ်ဆောင်ချက်များ၊ င်ပြိုင်အစိုးရ ဖွဲ့စည်းခြင်းများကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေဖြင့် လုံးဝလက်မခံနိုင် ကြောင်း ကြေညာလိုက်သည်။

၁၉-၄-၂၀၀၅ရက်နေ့တွင်ကျင်းပသော ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ အစည်းအဝေးဆုံးဖြတ်ချက်အရ။

န်ကုန်မြို့ **ဗဟိုအလုပ်အမှုဆောင်အဖွဲ့**
၆၇ခုနှစ်၊ တန်ခူးလဆန်း (၁၁)ရက် **အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်**
၀၀၅ခုနှစ်၊ ဧပြီလ (၁၉)ရက်

ပြည်ပြေးစဝ်ခမ်ဖဦးစီးအဖွဲ့မှ ရှမ်းပြည်နယ်နှင့်ပတ်သက်၍ ကြေညာချက်အား သဘောမတူကြောင်း ကြေညာချက်

ရက်စွဲ။ ၂၀၀၅ခုနှစ်၊ ဧပြီလ (၂၀)ရက်

။ ပြည်ပြေးစဝ်ခမ်ဖဦးစီးအဖွဲ့၏ ရှမ်းပြည်နယ်နှင့်ပတ်သက်သော တစ်ဖက်သတ်ကြေညာချက်ကြောင့် အောက်ပါပြဿနာများ ဖြစ်ပေါ်စေနိုင်ပါသည်–

(က) အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်သစ်ကို တည်ဆောက်နေချိန်မှာ နိုင်ငံတော်ကြီး ပြိုကွဲပျက်စီးစေနိုင်ခြင်း၊

(ခ) ဒို့တာဝန်အရေး(၃)ပါးကို ထိခိုက်ဆုံးရှုံးစေနိုင်ခြင်း၊

(ဂ) အမျိုးသားညီလာခံကြီးကို ပျက်ပြားအောင်နှင့် ပြည်သူအပေါင်း၏ စိတ်အေးချမ်းမြေ့မှုကို ထိခိုက်စေနိုင်ခြင်း။

။ သို့ဖြစ်၍ ပြည်ပြေးစဝ်ခမ်ဖဦးစီးအဖွဲ့၏ ရှမ်းပြည်နယ်နှင့်စပ်လျဉ်းသည့် ကြေညာချက်အား ကန့်ကွက်ရှုတ်ချကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးစိုင်းကျော်နိုင်(အတွင်းရေးမှူး)
ဥက္ကဋ္ဌ(ကိုယ်စား)
SSNA(ခွဲထွက်) မိုင်းယွန်း

တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၏ သဘောထားကြေညာချက်

၁။ မကြာမီကာလ ၁၈-၄-၂၀၀၅ရက်နေ့က ပြည်ပရောက် ရှမ်းအင်အားစု တစ်စိတ်တစ်ဒေသဖြစ်သည့် စဝ်ခမ်ဖ၏ ရှမ်းပြည်နယ်လွတ်လပ်ရေးနှင့် ပတ်သက်သော သဘောထားကြေညာချက်ကို သိရှိရသည်။

၂။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီသည် ပါတီ၏အမည်နှင့် လိုက်လျောညီထွေစွာ တိုင်းရင်းသား စည်းလုံးညီညွတ်ရေး၊ ပြည်ထောင်စုမပြိုကွဲရေးတို့ကို အလေးအနက်သဘောထားသောပါတီဖြစ်သည်။ ထို့ကြောင့် တိုင်းရင်းသားများနှင့်ပတ်သက်၍ "တိုင်းရင်းသားလူမျိုးများအတွင်း တန်းတူရည်တူရှိရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိရေး၊ တိုင်းရင်းသားလူမျိုးတစ်မျိုးအနေနှင့် ရှင်သန်ရပ်တည်ပိုင်ခွင့်ရှိရေး၊ ညီညာသော ဖွံ့ဖြိုးတိုးတက်ခွင့်ရှိရေး"တို့ကို တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီက ခံယူကျင့်သုံးလျက်ရှိနေပေသည်။

၃။ တိုင်းရင်းသားလူမျိုးများ၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိရေးသည် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ပိုမိုကျစ်လျစ် သိပ်သည်းခိုင်မာရေးအတွက် အထောက်အကူပြုရန်နှင့် တိုင်းရင်းသားများ စုပေါင်းနေထိုင်ကြသော ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲရေးကို အထောက်အကူပြုရမည်သာ ဖြစ်ပေသည်။

၄။ ယခု စဝ်ခမ်ဖ၏ကြေညာချက်သည် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ထိခိုက်ပျက်ပြားစေ၍ တိုင်းရင်းသားများ စုပေါင်းနေထိုင်လျက်ရှိသော ပြည်ထောင်စုကြီး ပြိုကွဲပျက်စီးရေးကိုသာ ဦးတည်နေသဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီက လုံးဝဆန့်ကျင်သည်။

၅။ ကျင်းပပြုလုပ်ခဲ့သည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေးများက ချမှတ်ခဲ့သော အခြေခံမူများတွင် နိုင်ငံတော် ဖွဲ့စည်းတည်ဆောက်ပုံနှင့်စပ်လျဉ်း၍ "တိုင်းဒေသကြီး(၇)ခုနှင့် ပြည်နယ်(၇)ပြည်နယ်တို့ဖြင့် ပြည်ထောင်စု ဖွဲ့စည်းတည်ဆောက်မည်ကိုလည်းကောင်း၊ နိုင်ငံတော်တွင် ပါဝင်သော တိုင်းဒေသကြီးများ၊ ပြည်နယ်များ၊ ပြည်ထောင်စုနယ်မြေများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုများ စသည့် နိုင်ငံတော်၏ နယ်မြေအပိုင်းအခြားဟူသမျှသည် နိုင်ငံတော်မှ မည်သည့်အခါမျှ မခွဲထွက်ရဟူ၍လည်းကောင်း" သဘောတူချမှတ်ထားပြီးဖြစ်သည်။

၆။ ယခု စဝ်ခမ်ဖ၏ ကြေညာချက်သည် အမျိုးသားညီလာခံက ချမှတ်ထားသော သဘောတူညီချက်များနှင့် ခြားနားသွေဖည်လျက်ရှိနေသည်ကို တွေ့ရသည်။ ထို့ကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီသည် မိမိတို့ကိုယ်တိုင် ပါဝင်နေသည့် အမျိုးသားညီလာခံကြီးက ချမှတ်ထားသော သဘောတူညီချက်များအား ပျက်ပြားသွေဖည်စေမည့် ကိစ္စနှင့် လုပ်ရပ်မှန်သမျှတို့ကို လုံးဝဆန့်ကျင်ကြောင်း ထုတ်ပြန်ကြေညာလိုက်သည်။

တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ
စည်းရုံးရေးဗဟိုကော်မတီဌာနချုပ်

ရက်စွဲ။ ၂၀၀၅ခုနှစ်၊ ဧပြီလ ၂၁ရက်။

စက်ဆုပ်ရွံရှာဖွယ်ရာ လုပ်ရပ်

ပြည်ထောင်စုကြီးပြိုကွဲစေမည့် အကြံအစည်ဖြင့် ပြည်ပြေး လက်တစ်ဆုပ်စာအဖွဲ့မှ ကြေညာခဲ့ခြင်းသည် စက်ဆုပ်ရွံရှာဖွယ်ရာ သိမ်ဖျင်းသောလုပ်ရပ်ဖြစ်ကြောင်း တွေ့ရှိရသဖြင့် ယင်းကြေညာချက်အပေါ် ယုံကြည်မှုမရှိ၊ လုံးဝလက်ခံနိုင်မှုမရှိ။

ကရင်ငြိမ်းချမ်း
သဘေ

၁။ ၂၀၀၅ခုနှစ် ဧပြီလ (၁၇
သားဖြစ်သူ ဦးစဝ်ခမ်ဖအမှူး
အစိုးရအဖွဲ့ကို ဖွဲ့စည်းကြေ
၂။ လက်ရှိ နိုင်ငံတော်
အရေးသုံးပါးနှင့် နိုင်ငံရေး၊
သော ပါတီစုံဒီမိုကရေစီ နိုင်
ဖြင့် အမျိုးသားညီလာခံကို ကျ
ကဏ္ဍများပင် ပြီးစီးလုအခြေ
၃။ အထက်ဖော်ပြပါ လွတ်
ပြည်ထောင်စုကြီးပြိုကွဲစေရေး
ဆိပ်ကြီးမြို့နယ်အတွင်းရှိ
လုံးဝမထောက်ခံဘဲ ကန့်ကွ

ကယန်းပြည်

ကယားပြည်နယ် အထူး
ဇူလိုင်လ(၁၆)ရက်နေ့တွင် နိ
ဖွံ့ဖြိုးရေးလုပ်ငန်းများဆော
တိုင်းရင်းသားလူမျိုးစုကို က
ကယားပြည်နယ် အထူး
(၁၂)ချက်ထဲတွင် လွတ်လပ်
ကိုမောင်နှမများနှင့် တန်းတူ
ရေးနှင့် ကယန်းတိုင်းရင်းသ
သို့ဖြစ်ပါ၍ စဝ်ရွှေသို
လုပ်ထားသော ရှမ်းပြည်နယ်
ကယန်းပြည်သစ်ပါတီ ငြိမ်း
သဖြင့် အသိအမှတ်မပြုကြေ

ငံတော်၏ နယ်မြေအပိုင်းအခြားဟူသမျှသည် နိုင်ငံတော်မှ မည်သည့်အခါမျှ ခွဲမထွက်ရ

င်းရင်းသားများ စုပေါင်းနေထိုင်လျက်ရှိသော ပြည်ထောင်စုကြီး ပြိုကွဲပျက်စီးရေးကိုသာ ဦးတည်နေ

ည်သူတစ်ရပ်လုံး တစ်သမတ်တည်း မဖြစ်မနေလျှောက်လှမ်းရမည့် တစ်ခုတည်းသော လမ်းကြောင်းမှန်ဖြစ်

ကရင်ငြိမ်းချမ်းရေးတပ်ဖွဲ့ ဟောင်သရောအထူးဒေသ၏ သဘောထား ထုတ်ပြန်ကြေညာချက်

ရက်စွဲ။ ၂၀၀၅ခုနှစ်၊ ဧပြီလ (၂၁)ရက်

၁။ ၂၀၀၅ခုနှစ် ဧပြီလ (၁၇)ရက် (တနင်္ဂနွေနေ့) အမေရိကန်အသံ (VOA)မှ ဦးစဝ်ရွှေသိုက်၏သားဖြစ်သူ ဦးစဝ်ခမ်ဖအမှူးထားပြီး ပုဂ္ဂိုလ်ငါးဦး အမည်ပါဝင်သော လွတ်လပ်သော ရှမ်းပြည်အစိုးရအဖွဲ့ကို ဖွဲ့စည်းကြောင်း ကြေညာခဲ့သည်ကို သိရှိရပါသည်။

၂။ လက်ရှိ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရသည် ဒို့တာဝန်အရေးသုံးပါးနှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်(၁၂)ရပ်ဖြင့် စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီ နိုင်ငံတော်သစ် တည်ဆောက်နိုင်ရေးအတွက် လုပ်ငန်းလမ်းစဉ်(၇)ရပ်ဖြင့် အမျိုးသားညီလာခံကို ကျင်းပလျက်ရှိနေသည်မှာ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးကဏ္ဍများပင် ပြီးစီးလုအခြေအနေတွင် ရှိနေပြီးဖြစ်သည်။

၃။ အထက်ဖော်ပြပါ လွတ်လပ်သော ရှမ်းပြည်နယ်အစိုးရ ဖွဲ့စည်းကြောင်း ကြေညာချက်သည် ပြည်ထောင်စုကြီးပြိုကွဲစေရေးကို ဦးတည်ဆောင်ရွက်နေပါသဖြင့် မိမိတို့ ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ်အတွင်းရှိ ဟောင်သရောအထူးဒေသမှ ကရင်ငြိမ်းချမ်းရေးတပ်ဖွဲ့ အနေဖြင့် လုံးဝမထောက်ခံဘဲ ကန့်ကွက်ကြောင်း ကြေညာပါသည်။

ဦးစောသမူဟဲ
ဗိုလ်မှူးကြီး
တပ်ဖွဲ့မှူး
လက်နက်နှင့် ငြိမ်းချမ်းရေးလဲလှယ်သောတပ်ဖွဲ့
ဟောင်သရောအထူးဒေသ၊ ကရင်ပြည်နယ်

ကယန်းပြည်သစ်ပါတီ၏ သဘောထားထုတ်ပြန်ချက်

၂၀၀၅ခုနှစ်၊ ဧပြီလ (၂၁)ရက်

ကယားပြည်နယ် အထူးဒေသ(၃) ကယန်းပြည်သစ်ပါတီ ငြိမ်းချမ်းရေးအဖွဲ့သည် ၁၉၉၄ခုနှစ်၊ ဇူလိုင်လ (၁၆)ရက်နေ့တွင် နိုင်ငံတော်အစိုးရ(တပ်မတော်အစိုးရ)နှင့် လက်တွဲပူးပေါင်း၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရန် ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာသော ကယန်းတိုင်းရင်းသားလူမျိုးစုကို ကိုယ်စားပြုသည့် အဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။

ကယားပြည်နယ် အထူးဒေသ(၃) ကယန်းပြည်သစ်ပါတီ ငြိမ်းချမ်းရေးအဖွဲ့၏ အခြေခံမူကြီး(၁၂)ချက်ထဲတွင် လွတ်လပ်ရေး ကာကွယ်ထိန်းသိမ်းရေး၊ အခြားသော တိုင်းရင်းသား ညီအစ်ကိုမောင်နှမများနှင့် တန်းတူရည်တူရှိရေး၊ အပြန်အလှန်လေးစားရေး၊ ပြည်ထောင်စုမှ ခွဲမထွက်ရေးနှင့် ကယန်းတိုင်းရင်းသားဒေသ ပေါ်ပေါက်ရေး စသည်တို့ ပါဝင်ပါသည်။

သို့ဖြစ်ပါ၍ စဝ်ရွှေသိုက်၏သား စဝ်ခမ်ဖ ဦးစီးသောအဖွဲ့အနေဖြင့် ဖက်ဒရယ်မူအရ လုပ်ထားသော ရှမ်းပြည်နယ် လွတ်လပ်ရေးကြေညာခြင်းကိစ္စအား ကယားပြည်နယ် အထူးဒေသ(၃) ကယန်းပြည်သစ်ပါတီ ငြိမ်းချမ်းရေးအဖွဲ့၏ အခြေခံမူကြီး(၁၂)ချက်နှင့် ဖီလာဆန့်ကျင်နေပါသဖြင့် အသိအမှတ်မပြုကြောင်းနှင့် လုံးဝ(လုံးဝ) ကန့်ကွက်ကြောင်း ကြေညာပါသည်။

သန်းစိုးနိုင်
ဒုတိယဥက္ကဋ္ဌ
ကယန်းပြည်သစ်ပါတီ

တိုးတက်သော ဗုဒ္ဓဘာသာကရင်အမျိုးသားအစည်းအရုံး၏ သဘောထားထုတ်ပြန်ကြေညာချက်

ရက်စွဲ၊ ၂၀၀၅ခုနှစ်၊ ဧပြီလ (၂၁)ရက်။

၁။ ၂၀၀၅ခုနှစ် ဧပြီလ ၁၇ရက်နေ့တွင် အမေရိကန်အသံ VOA မှ ပြည်ပြေး စဝ်ခမ်ဖ ဦးစီးငါးဦး၏ အမည်ပါဝင်သော လွတ်လပ်သော ရှမ်းပြည်အစိုးရအဖွဲ့ကို သမ္မတ၊ ဝန်ကြီးချုပ်၊ နိုင်ငံခြားရေးဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးများဖြင့် အစိုးရအဖွဲ့ ဖွဲ့စည်းကြောင်း ဗန်ကောက်အခြေစိုက် အဆိုပါ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ကြေညာခဲ့ပါသည်။

၂။ ထိုကဲ့သို့ ကြေညာခြင်းသည် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားအားလုံး၏ စည်းလုံးညီညွတ်ရေးကို ထိခိုက်ပျက်ပြားစေနိုင်ပြီး ပြည်ထောင်စုကြီး ပြိုကွဲပျက်စီးရေးကို ဦးတည်ဆောင်ရွက်ကြောင်း တွေ့ရှိရပါသည်။ ထို့အပြင် တိုင်းပြည်၏ အချုပ်အခြာအာဏာကို ထိပါးစေမည့်အရေး ဖြစ်ပါသဖြင့် ၎င်းကြေညာချက်ကို တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသားအစည်းအရုံးမှ အသိအမှတ်မပြုပါကြောင်း ကြေညာအပ်ပါသည်။

ဦးသာထူးကျော်
ဥက္ကဋ္ဌ
D.K.B.A (ဗဟို) ဌာနချုပ်
မြိုင်ကြီးငူအထူးဒေသ

ငြိမ်းချမ်းရေးနှင့် လက်နက်အပြီးအပိုင်လဲလှယ်ခဲ့သည့် SSNA တပ်မဟာ(၁၁) တပ်မဟာမှူး ဦးကန်နနှင့် တပ်ဖွဲ့ဝင်များ၏ သဘောထားထုတ်ပြန် ကြေညာချက်

၂၀၀၅ခုနှစ်၊ ဧပြီလ (၂၁)ရက်

၁။ ၂၀၀၅ခုနှစ်၊ ဧပြီလ(၁၈)ရက်နေ့ Radio Free Asia အသံလွှင့်ဌာနမှ ထုတ်လွှင့်ခဲ့သည့် လက်တစ်ဆုပ်စာ ပြည်ပြေးစဝ်ခမ်ဖအဖွဲ့မှ ပြည်ထောင်စုပြိုကွဲပျက်စီးမည့် အကြံအစည်ဖြင့် ရှမ်းပြည်သည် သီးခြားလွတ်လပ်သည့်နိုင်ငံဖြစ်ကြောင်း ကြေညာချက်သည် နိုင်ငံတော်အပေါ် သစ္စာမဲ့စွာဖြင့် နိုင်ငံတော်၏ တည်ငြိမ်အေးချမ်းမှုကို ဖျက်လိုဖျက်ဆီးလုပ်လိုသည့် ရည်ရွယ်ချက်တစ်ရပ်သာဖြစ်ပါသည်။

၂။ မိမိတို့အဖွဲ့သည် နိုင်ငံတော်နှင့် တပ်မတော်မှ ထားရှိသော စေတနာအမှန်ကို သိရှိနားလည်ယုံကြည်ပြီး ဒေသအကျိုး၊ ပြည်သူလူထုအကျိုးကို ရှေးရှု၍ SSNA အဖွဲ့မှခွဲထွက်ပြီး ၂၀၀၅ခုနှစ်၊ ဧပြီလ (၁၂)ရက်နေ့တွင် ငြိမ်းချမ်းရေးနှင့် လက်နက်များ အပြီးအပိုင် စွန့်လွှတ်အပ်နှံလဲလှယ်ခဲ့သော အဖွဲ့ဖြစ်ပါသည်။

၃။ နိုင်ငံတော်အစိုးရမှ ဦးဆောင်ဖော်ဆောင်ပေးလျက်ရှိနေသည့် နိုင်ငံတော်၏ ရှေ့ဆက်သွားရမည့် မူဝါဒလမ်းစဉ် (၇)ရပ်သည်သာလျှင် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး တစ်သမတ်တည်း မဖြစ်မနေလျှောက်လှမ်းရမည့် တစ်ခုတည်းသော လမ်းကြောင်းမှန်ဖြစ်သည်ဟု ခိုင်ခိုင်မာမာ ယုံကြည်ပါသည်။

၄။ ပြည်ထောင်စုကြီးပြိုကွဲစေမည့် အကြံအစည်ဖြင့် ပြည်ပြေးလက်တစ်ဆုပ်စာအဖွဲ့မှ ကြေညာခဲ့ခြင်းသည် စက်ဆုပ်ရွံရှာဖွယ်ရာ သိမ်ဖျင်းသောလုပ်ရပ်ဖြစ်ကြောင်း တွေ့ရှိရသဖြင့် ယင်းကြေညာချက်အပေါ် ယုံကြည်မှုမရှိကြောင်း၊ လုံးဝလက်ခံနိုင်မှုမရှိကြောင်း မိမိတို့အဖွဲ့နှင့်တကွ ဒေသခံတိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးမှ အတိအလင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

ဦးကန်န
(အဖွဲ့ခေါင်းဆောင်)
ငြိမ်းချမ်းရေးနှင့်လက်နက် အပြီးအပိုင်လဲလှယ်သည့်အဖွဲ့
သိန်းနီမြို့နယ်

ဦးအိန္ဒာ
(ဒုတိယအဖွဲ့ခေါင်းဆောင်)
ငြိမ်းချမ်းရေးနှင့်လက်နက်
အပြီးအပိုင်လဲလှယ်သည့်အဖွဲ့
သိန်းနီမြို့နယ်

ဦးခွန်စေ
(အဖွဲ့ဝင်)
ငြိမ်းချမ်းရေးနှင့်လက်နက်
အပြီးအပိုင်လဲလှယ်သည့်အဖွဲ့
သိန်းနီမြို့နယ်

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၂-၄-၂၀၀၅
(သောကြာနေ့)
၁၃၆၇ခုနှစ်၊
ဦးတန်ခူးလဆန်း(၁၄)ရက်
(အဖိတ်နေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **ကျေးဇူးရှင်မင်းကွန်းဆရာ တော်ကြီး နိုင်ငံတော် သံ မဟာနာယကအဖွဲ့ အကျ တော်ဆောင်ချုပ်၊ အဘိဓ မဟာရဋ္ဌဂုရု၊ အဘိဓဇ အ မဟာသဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ ဓမ္မဘဏ္ဍာ ဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၅ ၅။ လှုပ်ရှားပုံပြင်စိတ်ပျော်ရွှင်
၈:၀၀ ၆။ ကြေးမုံရိပ်သွင်တေးနယ်
၈:၁၀ ၇။ အကပြိုင်ပွဲ
၈:၂၀ ၈။ မအီချောင်းတံတား
၈:၃၀ ၉။ International News.
၈:၄၅ ၁၀။ English for Everyday Use.
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၄:၃၀ ၃။ Practice in Reading
၄:၄၅ ၄။ တေးဂီတအစီအစဉ်
၅:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာ ရုပ်မြင်သံကြားသင်ခန်းစာ -ပထမနှစ် (သိပ္ပံအထူးပြုအားလုံး) (ဓာတုဗေဒ)
၅:၁၅ ၆။ ပြည်ထောင်စုတိုင်းရင်းသာ ရိုးရာတေးသံသာ
၅:၃၀ ၇။ နည်းစနစ်မှန်မှန် အားကစားအခြေခံ
၅:၄၀ ၈။ မြန်မာစာ၊မြန်မာစကား
၅:၅၅ ၉။ တေးဂီတအစီအစဉ်
၆:၀၅ ၁၀။ Discovery.
၆:၁၅ ၁၁။ သက်တံရောင်သံစဉ်
၆:၃၀ ၁၂။ ညနေခင်းသတင်း
၇:၀၀ ၁၃။ မိုးလေဝသအခြေအနေ
၇:၀၅ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်သောညီမ"(အပိုင်း-၂**
၇:၃၀ ၁၅။ နှောင်းခေတ်တေးပဒေသာ
၇:၄၅ ၁၆။ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးစွဲ တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်းပြိုင်ပွဲအကြော သိကောင်းစရာ
၈:၀၀ ၁၇။ ပြည်တွင်းသတင်း
၁၈။ နိုင်ငံတကာသတင်းများ
၁၉။ မိုးလေဝသအခြေအနေ
၂၀။ **မြန်မာဗီဒီယိုဇာတ်လမ်း "အချစ်ရေကျေးဇူးပဲ" (အပိုင်း-၂) (ရန်အောင်၊ မျိုးသန္တာထွန်၊ မေသကြိန်) [ဒါရိုက်တာ-မောင်နီလွင်-**
၂၁။ နောက်တစ်နေ့အစီအစဉ်
၂၂။ အစီအစဉ်ပြီး၏။

ကျိုင်းတုံမြို့နယ် ဝမ်ပိုးကျေးရွာ ကျေးလက်ကျန်းမာရေး ဆေးပေးခန်း ဖွင့်ပွဲနှင့် ကိုယ့်အားကိုယ်ကိုး ရေအားလျှပ်စစ်ဖွင့်ပွဲ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် တက်ရောက်အားပေး

ရန်ကုန် ဧပြီ ၂၁

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် မိုင်းလန်းကျေးရွာအုပ်စု ဝမ်ပိုးကျေးရွာ ကျေးလက်ဆေးပေးခန်းနှင့် ကိုယ့်အားကိုယ်ကိုး ရေအားလျှပ်စစ်ဖွင့်ပွဲကို ဧပြီ ၁၉ ရက် နံနက် ၈ နာရီက အဆိုပါဝမ်ပိုးကျေးရွာ ကျေးလက်ဆေးပေးခန်း၌ ကျင်းပရာ အခမ်းအနားသို့ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း) ဥက္ကဋ္ဌ၊ တြိဂံဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် ဇနီး၊ တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ ဝမ်ပိုးနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေ့ဦးစွာ ဝမ်ပိုးကျေးရွာ ကျေးလက်ကျန်းမာရေး ဆေးပေးခန်းကို ကျိုင်းတုံမြို့နယ် ကျန်းမာရေး ဦးစီးဌာန ဦးစီးမှူး ဒေါက်တာတင်ရှိန်နှင့် မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း အတွင်းရေးမှူး ဦးစိုင်းဟွမ်နွဲ့တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်က ဆေးပေးခန်း ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။ ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆေးပေးခန်း အတွင်း လှည့်လည်ကြည့်ရှုအားပေးကြသည်။

ရေအားလျှပ်စစ်

ထို့နောက် တိုင်းမှူးသည် ဝမ်ပိုးကျေးရွာ ကိုယ့်အားကိုယ်ကိုး ရေအားလျှပ်စစ်စက်ရုံဖွင့်ပွဲသို့ တက်ရောက်ပြီး ရေအားလျှပ်စစ် စက်ရုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီးနောက် လျှပ်စစ်ဓာတ်အားခလုတ်ကို နှိပ်၍ ဝမ်ပိုးကျေးရွာအတွင်း လျှပ်စစ်မီး စတင်လွှတ်ပေးသည်။

ယင်းနောက် ကျေးလက်ကျန်းမာရေး ဆေးပေးခန်းနှင့် ကိုယ့်အားကိုယ်ကိုး ရေအားလျှပ်စစ် စက်ရုံဖွင့်ပွဲ အခမ်းအနားကို ကျေးလက်ကျန်းမာရေး ဆေးပေး ခန်းဝင်းအတွင်းရှိ ယာယီမဏ္ဍပ်၌ ဆက်လက်ကျင်းပရာ ရှေ့ဦးစွာ ကျိုင်းတုံခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်မင်းက ဝမ်ပိုးကျေးရွာ ကျေးလက်ကျန်းမာရေး ဆေးပေးခန်းနှင့် Kaplam အမျိုးအစား ရေဖိအားသုံး ရေအားလျှပ်စစ်စက်ရုံ တည်ဆောက်ခဲ့မှု၊ ဝမ်ပိုးကျေးရွာလုံးကျွတ် လျှပ်စစ်မီးပေးဝေထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဝမ်ပိုးကျေးရွာမှ ဦးနန်းရီက ကျေးလက်ကျန်းမာရေး ဆေးပေးခန်းနှင့် ကိုယ့်အားကိုယ်ကိုး ရေအားလျှပ်စစ်စက်ရုံ ဖွင့်လှစ်ပေးခြင်းအတွက် ကျေးဇူးတင်စကားပြောကြားပြီး ကျေးရွာမီးလင်းရေး ကော်မတီဝင် ဦးနန်းရီနှင့် ဦးစိုင်းရီပေါက်တို့က တိုင်းမှူးအားဒေသထွက် သစ်သီးခြင်းကို ဂုဏ်ပြုလက်ဆောင်ပေးအပ်သည်။

ထို့နောက် ကျိုင်းတုံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစိုင်းဟွမ်နွဲ့က ရေအားလျှပ်စစ် တပ်ဆင်တည်ဆောက်ပေးသည့် ကျိုင်းတုံမြို့ အစိုးရနည်းပညာ ကောလိပ်မှ အင်ဂျင်နီယာ ဦးအောင်သူလင်းအား အမှတ်တရ ဂုဏ်ပြု လက်ဆောင်ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

စုပေါင်းတည်ဆောက်

အဆိုပါ ဝမ်ပိုးကျေးရွာ ကျေးလက်ကျန်းမာရေး ဆေးပေးခန်းသည် အလျား ၃၆ပေ၊ အနံ ပေ ၂၀ ရှိ သွပ်မိုး အုတ်ကာ တစ်ထပ်အဆောက်အအုံဖြစ်ပြီး ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းမှ ငွေကျပ် ၁၅ သိန်း ဝမ်ပိုး ကျေးရွာနေ ပြည်သူများ လှူဒါန်းငွေ ကျပ်နှစ်သိန်း တစ်သောင်း၊ စုစုပေါင်း ငွေကျပ်၁၇ သိန်းတစ်သောင်းဖြင့်လည်းကောင်း ရေအားလျှပ်စစ်စက်ရုံမှာ လျှပ်စစ်ဓာတ်အား ၈ ကီလိုဝပ် ထွက်ရှိပြီး ဒေသခံပြည်သူများ၏ စုပေါင်း လှူဒါန်းငွေ ကျပ် ၁၀ သိန်းဖြင့်လည်းကောင်း တည်ဆောက်ခဲ့ကြောင်း သိရှိရသည်။

ထို့နောက် တိုင်းမှူးသည် အဆိုပါ ယာယီမဏ္ဍပ်၌ ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့မှ ကြီးမှူးကျင်းပသော ကျန်းမာရေး ဟောပြောပွဲနှင့် အထူးကု ဆရာဝန်ကြီးများ၏ ကျန်းမာရေး စောင့်ရှောက်မှု ဆေးဝါးကုသပေးခြင်း အခမ်းအနားသို့ တက်ရောက်သည်။

ရှေ့ဦးစွာ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ငှက်ဖျားဆရာဝန်ကြီး ဒေါက်တာ စိုင်းနော်ငင်းက ငှက်ဖျားရောဂါဖြစ်ပွားပုံနှင့် ကာကွယ်ကုသမှု လုပ်ငန်းစဉ်များကိုလည်းကောင်း၊ ကျိုင်းတုံမြို့နယ် ကျန်းမာရေး ဦးစီးဌာန ဦးစီးမှူး ဒေါက်တာတင်ရှိန်က အိတ်ချ်အိုင်ဗွီ/ အေအိုင်ဒီအက်စ်ရောဂါ ကူးစက်ပြန့်ပွားပုံ၊ ကြိုတင်ကာကွယ်ရန် နည်းလမ်းများကို လည်းကောင်း အသီးသီး ရှင်းလင်းဟောပြောကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် တိုင်းမှူးသည် ကျိုင်းတုံမြို့ အထွေထွေရောဂါကု ဆေးရုံအုပ်ကြီး ဒေါက်တာမြင့်စိုး ခေါင်းဆောင်သော အထူးကုဆရာဝန်ကြီးများအဖွဲ့မှ ကျေးလက်ကျန်းမာရေး ဆေးပေးခန်းနှင့် ယာယီမဏ္ဍပ်အတွင်း ယာယီဆေးခန်းများ ဖွင့်လှစ်၍ မိုင်းလန်းကျေးရွာအုပ်စု အတွင်းမှ ဒေသခံပြည်သူ ၂၃၈ ဦးတို့အား အခမဲ့ကျန်းမာရေး စစ်ဆေးကုသမှုများကို လှည့်လည်ကြည့်ရှုအားပေးခဲ့သည်။ (သတင်းစဉ်)

တနင်္သာရီတိုင်းဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့် မြိတ်မြို့ ဇီဝိတဒါန ငါးလွှတ်ပွဲ တက်ရောက်

ရန်ကုန် ဧပြီ ၂၁

တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ကမ်းရိုးတန်းဒေသတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်သည် ဧပြီ ၁၇ ရက် နံနက် ၇ နာရီက မြိတ်မြို့ စန္ဒာဝတီကုန်းတော်ရှိ သမုဒ္ဒဂီရိရေကန်တော်၌ ကျင်းပသည့် ၁၃၆၇ ခုနှစ် မြန်မာနှစ်ဆန်းတစ်ရက်နေ့ ဇီဝိတဒါန ငါးလွှတ်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

အစီအစဉ်အရ တိုင်းမှူးနှင့် ဇနီး၊ တက်ရောက်လာကြသူများက သတ်မှတ်နေရာများတွင် နေရာယူကြပြီး တိုင်းမှူးနှင့် ဇနီးတို့မှ ဦးဆောင်၍ ဇီဝိတဒါန ကုသိုလ်တော်အဖြစ် ရွှေဝါငါးကြင်းကောင်ရေ ၁၀၀၀၀ နှင့် ရေချိုလိပ် ၁၇ ကောင်တို့ကို သမုဒ္ဒဂီရိ ရေကန်တော်အတွင်းသို့ လွှတ်ပေးကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ကပ်လှူပူဇော်

ယင်းနောက် တိုင်းမှူးသည် စန္ဒာဝတီကုန်းတော်ပေါ်ရှိမြိတ်မြို့၏ ကျက်သရေဆောင် ရွှေတိဂုံပုံတူ မဟာသိဒ္ဓိဇယ စေတီတော်သို့ ရောက်ရှိပြီး စေတီတော် လိုဏ်ဂူအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုကာ ပန်း၊ ဆီမီး၊ အမွှေးနံ့သာများ ကပ်လှူပူဇော်သည်။

ရှင်းလင်းပြောကြား

ထို့နောက် တိုင်းမှူးသည် အဆိုပါ စန္ဒာဝတီကုန်းတော်ပေါ်ရှိ အမရဝတီ သာသနာ့ဗိမာန်တော်၌ ကျင်းပသည့် နှစ်သစ်မင်္ဂလာ သက်ကြီးပူဇော်ပွဲ အခမ်းအနားသို့ တက်ရောက်၍ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အခမ်းအနားကို သာစုသုံးကြိမ်ရွတ်ဆို ဖွင့်လှစ်ပြီး တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်က သက်ကြီး ပူဇော်ပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက်တိုင်းမှူးနှင့် ဧည့်ပရိတ်သတ်များက ဘိုးဘွားများအား ကန်တော့ကြပြီး အဘိုးအဘွားများ ကိုယ်စား အဘိုး ဦးချစ်လှိုင်က ဆုတောင်းမေတ္တာ ပြန်လည် ပို့သပြီးနောက် တိုင်းမှူးနှင့် ဇနီး၊ တက်ရောက်လာကြသူများက အဘိုး အဘွားများအား လက်ဆောင်ပစ္စည်းနှင့် ထောက်ပံ့ငွေများ ပေးအပ်လှူဒါန်းပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် တိုင်းမှူးနှင့် ဇနီး၊ တာဝန်ရှိသူများက အဘိုးအဘွားများအား စားသောက်ဖွယ်ရာများဖြင့် ဧည့်ခံကျွေးမွေးခြင်း၊ ကျန်းမာရေး စစ်ဆေးကုသပေးခြင်းတို့ကို ဆောင်ရွက်ပေးကြသည်။

အဆိုပါ သက်ကြီးပူဇော်ပွဲသို့ အသက် ၇၅ နှစ်အထက်အဘိုး ၁၆၆ ဦး အဘွား ၂၈၇ ဦး စုစုပေါင်း ၄၅၃ ဦး တက်ရောက်ကြပြီး ကမ်းရိုးတန်းဒေသတိုင်း စစ်ဌာနချုပ်၊ တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် အလှူရှင်များက အဘိုးအဘွားများအား စုစုပေါင်း ငွေကျပ် ၄၅ သိန်း သုံးသောင်းနှင့် လက်ဆောင်ပစ္စည်းများကို ပေးအပ်လှူဒါန်းခဲ့သည်။

ဆွမ်းဆန်တော်လှူဒါန်း

ထို့နောက် တိုင်းမှူးသည် မြိတ်မြို့ ဘုရားကိုးဆူကျောင်းတိုက်၊ အောင်မြေသုခကျောင်းတိုက်၊ ရွှေတောင်ကျောင်းတိုက်၊ စံကျောင်းတိုက်နှင့်တောကျောင်း ပရိယတ္တိစာသင်တိုက်သို့ ရောက်ရှိပြီး ကျောင်းထိုင် ဆရာတော်များအား ဖူးမြော်ကြည်ညိုကာ ဆွမ်းဆန်တော်၊ ဆီ၊ ဆေးနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ညနေပိုင်းတွင် တိုင်းမှူးသည် မြိတ်မြို့ လေးကျွန်းဆီမီး စေတီတော်ကြီးရှိ ဗုဒ္ဓ သာသနာ့ဗိမ္မာန်တော်၌ ကျင်းပသည့် ၁၃၆၇ ခုနှစ် မြန်မာနှစ်ဆန်းတစ်ရက် အန္တရာယ်ကင်းပရိတ် တရားတော်နာယူပွဲ အခမ်းအနားသို့ တက်ရောက် ကြည်ညိုသည်။

ထို့နောက် တိုင်းမှူးသည် လေးကျွန်းဆီမီး စေတီတော်ကြီးအား ဖူးမြော်ကြည်ညိုပြီး သမုတ်သိမ်တော်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ဆီမီး၊ အမွှေးနံ့သာများ ဆက်ကပ်လှူဒါန်းသည်။

(သတင်းစဉ်)

မြေယာသစ်ဖော်ထုတ်တိုးချဲ့စိုက်ပျိုးရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

ရန်ကုန် ဧပြီ ၂၁

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ၂၀၀၅-၂၀၀၆ ခု ဘဏ္ဍာရေးနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် တိုးချဲ့စိုက်ပျိုးရေး လုပ်ငန်းများနှင့်ပတ်သက်သည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပဉ္စမထပ် ဆွေးနွေးပွဲခန်းမ၌ ကျင်းပရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်း၊ ဦးဆောင်ညွှန်ကြားရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့်အထွေထွေမန်နေဂျာများ၊ ပြည်ထောင်စု မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ မြေလွတ်မြေရိုင်း ဖော်ထုတ်စိုက်ပျိုးလုပ်ကိုင်လျက်ရှိသည့် စိုက်ပျိုးရေးကုမ္ပဏီများ တက်ရောက်ကြသည်။

ညှိနှိုင်းအစည်းအဝေးတွင် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်းက မြေယာဖော်ထုတ် စိုက်ပျိုးလုပ်ကိုင်လျက်ရှိသည့် အခြေအနေများ၊ မြေယာသစ် ဖော်ထုတ်တိုးချဲ့စိုက်ပျိုးလုပ်ကိုင်မှု အခြေအနေများနှင့် စပ်လျဉ်း၍ အဖွင့်အမှာစကားပြောကြားပြီး မြန်မာ့လယ်ယာ ထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးမင်းလှအောင်က တိုးချဲ့စိုက်ပျိုးရေးလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် မြေလွတ်မြေရိုင်းများ ဖော်ထုတ်ပြီးစီးမှု အခြေအနေနှင့် ကုမ္ပဏီများဆောင်ရွက်နေမှု အခြေအနေများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ အထွေထွေမန်နေဂျာများက ဗီဒီယိုဆလိုက်များဖြင့် ရှင်းလင်းတင်ပြကြပြီး အစည်းအဝေး တက်ရောက်လာကြသူများက မြေယာ တိုးချဲ့စိုက်ပျိုးမည့် အခြေအနေများနှင့် စပ်လျဉ်း၍ အကြံပြုဆွေးနွေးတင်ပြကြသည်။

ဆွေးနွေး တင်ပြချက်များအပေါ် ဒုတိယဝန်ကြီးက ပြန်လည်ရှင်းလင်းဆွေးနွေးပြီး နိဂုံးချုပ် အမှာစကားပြောကြားကာ ညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ကေအင်န်ယူ အကြမ်းဖက်သောင်းကျန်းသူများက အပြစ်မဲ့ပြည်သူများနှင့် ကျောင်းသား၊ ကျောင်းသူများအား ဓားပြတိုက်၊ လုယက်၊ ပစ်ခတ်သတ်ဖြတ်မှု ထားဝယ်-ရေးလမ်းပိုင်း၌ဖြစ်ပွား

ရန်ကုန် ဧပြီ ၂၁

ယနေ့နံနက် ၅ နာရီ ၁၅ မိနစ်ခန့်တွင် ထားဝယ်မှရန်ကုန်သို့ သွားရောက်မည့် ကုန်တင်ယာဉ်နှစ်စီး၊ ခရီးသည်တင် မှန်လုံယာဉ် ၁၂ စီး စုစုပေါင်း မော်တော်ယာဉ် ၁၄ စီးသည် ထားဝယ်-ရေးလမ်းပိုင်း မိုင်တိုင် အမှတ် (၃၃/၂) အရောက်တွင် ကေအင်န်ယူ အကြမ်းဖက်သောင်းကျန်းသူတစ်ဖွဲ့က ဓားပြတိုက် လုယက်မှုဖြစ်ပွားခဲ့သည်။

နံနက် ၅ နာရီခွဲခန့်တွင် အဆိုပါ ဓားပြတိုက် လုယက်မှုဖြစ်ပွားသည့် နေရာသို့ တောင်ကြီးနှင့် ပင်းတယမြို့များသို့ လေ့လာရေးခရီးသွားရောက်ကြမည့် ထားဝယ်တက္ကသိုလ်၊ ဘူမိဗေဒဌာနမှ ကထိက ဦးမျိုးသန့် ဦးဆောင် သော ဆရာ၊ ဆရာမ ငါးဦး၊ ကျောင်းသား၊ ကျောင်းသူ ၈၇ ဦးတို့ ပါဝင်သည့် လေ့လာရေးအဖွဲ့ဝင်များ လိုက်ပါလာသည့် မှန်လုံယာဉ်နှစ်စီး ရောက်ရှိစဉ် ယာဉ်ပေါ်တွင် လုံခြုံရေးအဖြစ်လိုက်ပါလာသည့် ရဲတပ်ဖွဲ့ဝင် ငါးဦးနှင့် အကြမ်းဖက် သောင်းကျန်းသူများ အပြန်အလှန်ပစ်ခတ်မှုဖြစ်ပွားခဲ့ပြီး သောင်းကျန်းသူများသည် နံနက် ၅ နာရီ ၄၅ မိနစ်ခန့်တွင် ဆုတ်ခွာထွက်ပြေးသွားခဲ့သည်။

ယင်းဖြစ်စဉ်တွင် ရဲတပ်ဖွဲ့ဝင်နှစ်ဦး၊ ထားဝယ်တက္ကသိုလ်မှ ဆရာမတစ်ဦး၊ ကျောင်းသူတစ်ဦး၊ ခရီးသည်သုံးဦး၊ ယာဉ်နောက်လိုက်တစ်ဦး စုစုပေါင်း ရှစ်ဦး လက်နက်ငယ် ထိမှန်သေဆုံး၍ ခရီးသည် ၁၅ ဦး ဒဏ်ရာရရှိခဲ့ပြီး ခရီးသည်များထံမှ စုစုပေါင်းငွေကျပ် သိန်း ၃၀ ခန့်နှင့် လက်ဝတ်ရတနာပစ္စည်းတချို့ကို သောင်းကျန်းသူများက ဓားပြတိုက် လုယက်ယူဆောင်သွားကြောင်း သိရသည်။

အဆိုပါဖြစ်ပွားမှု သိလျှင်သိချင်း နယ်မြေခံတပ်မတော်စစ်ကြောင်းနှင့် လုံခြုံရေးတပ်ခွဲများ၊ ဒေသဆိုင်ရာ အာဏာပိုင်များ၊ လူမှုရေးအသင်းအဖွဲ့များက ဖြစ်စဉ်နေရာသို့သွားရောက်၍ ဒဏ်ရာရခရီးသည်များနှင့် ကျန်ခရီးသည်များ အား လိုအပ်သော ပံ့ပိုးကူညီစောင့်ရှောက်မှုများ စီစဉ်ဆောင်ရွက်ပေးပြီး ဆုတ်ခွာထွက်ပြေးသွားသော ကေအင်န်ယူ အကြမ်းဖက်သောင်းကျန်းသူများနောက်သို့ တပ်မတော်စစ်ကြောင်းများက ထက်ကြပ်လိုက်လံ ရှင်းလင်းချေမှုန်းလျက် ရှိသည်။ (သတင်းစဉ်)

ဧပြီ ၈ ရက်က ပုတောမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ မြို့သန့်ရှင်းသာယာလှပရေးအတွက် ယုဇနလမ်းနှင့် ဘုရားလမ်းဆုံဘေး ဝဲ/ယာ၌ ရွှေ့ပြောင်း ပန်းအလှပင်များ လှပတင့်တယ်ရှုချင်စဖွယ်ဖြစ်အောင် ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးအောင်ငွေးနှင့် အငယ်တန်းအင်ဂျင်နီယာ (၂) (မြို့ပြ) ဦးသူရလွင်တို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။

(မြို့နယ်စည်ပင်)

နိုင်ငံတော်အစိုးရ၊ ပြည်သူ၊ တပ်မတော် ပူးပေါင်းဆောင်ရွက်မှု အဘက်ဘက်မှတိုးတက်လာမည် ဒေသဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ အစွမ်းကုန်ကြိုးစား ပြည်ထောင်စုပြိုကွဲအောင်၊တိုင်းရင်းသားစည်းလုံးညီညွတ်မှုပြိုကွဲအောင် သွေးထိုးလှုံ့ဆော်သည့် အဖျက်သမားများ၏အန္တရာယ်ကို တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်စွာ တွန်းလှန်တိုက်ဖျက်

ရန်ကုန် ဧပြီ ၂၁

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးသည် တာဝန်ရှိသူများလိုက်ပါလျက် ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွင်း ဒေသဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကြည့်ရှုစစ်ဆေးရန်နှင့် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန် ဧပြီလ ၂၀ရက်တွင် ဟဲဟိုးမြို့မှတစ်ဆင့် ရဟတ်ယာဉ်ဖြင့်ထွက်ခွာလာကြပြီး ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံလေဆိပ်သို့ မွန်းလွဲ ၂ နာရီခွဲတွင် ရောက်ရှိကြရာ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ၊ တြိဂံဒေသတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် တပ်မတော်အရာရှိကြီးများနှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများကကြိုဆိုကြသည်။

ကျိုင်းလပ်သို့ရောက်ရှိ

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ တိုင်းမှူးဗိုလ်ချုပ်ခင်ဇော်နှင့် အဖွဲ့ဝင်များသည် ကျိုင်းတုံမြို့မှ ရဟတ်ယာဉ်ဖြင့် ဆက်လက်ထွက်ခွာလာကြပြီး ပါလျှို၊ ကျိုင်းလပ်ဒေသအတွင်း စိုက်ပျိုးရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအခြေအနေများ၊ မဲခေါင်မြစ်ကြောင်းတစ်လျှောက်နှင့် တာလေ-ပါလျှို-ကျိုင်းလပ်ကားလမ်းဖောက်လုပ်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီးနောက် ညနေပိုင်းတွင် ကျိုင်းလပ်မြို့သို့ရောက်ရှိကြရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးကံညွန့်နှင့် တပ်မတော်အရာရှိများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများက ကြိုဆိုကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးသည် ကျိုင်းလပ်မြို့ရှင်းလင်းဆောင်၌ မြို့နယ်အဆင့်ဌာနဆိုင်ရာဝန်ထမ်းများ၊ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များအားတွေ့ဆုံရာ ရှေးဦးစွာ ကျိုင်းလပ်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးငွေက ကျိုင်းလပ်မြို့နယ်၏ အကျယ်အဝန်း၊ အိမ်ခြေ၊ လူဦးရေ၊ စိုက်ပျိုးမွေးမြူရေးနှင့် လမ်းပန်းဆက်သွယ်ရေး ဆောင်ရွက်မှုအခြေအနေ၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူးဦးတင်စိုးက မြို့အကွက်ချပုံစံနှင့် ဌာနဆိုင်ရာရုံး အဆောက်အအုံများ ဆောက်လုပ်ပြီးစီးမှုအခြေအနေများကို ဇယားကားချပ်များဖြင့် ရှင်းလင်းတင်ပြပြီး ရှမ်းပြည်နယ်(အရှေ့ပိုင်း)ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းအင်ဂျင်နီယာမှူးကြီး ဦးသောင်းငွေက တာလေ-ပါလျှို-ကျိုင်းလပ်လမ်းဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကိုရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းမှူးဗိုလ်ချုပ်ခင်ဇော်က ကျိုင်းလပ်မြို့နယ်အတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးမှုအခြေအနေများကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဝိုင်းဝန်းကြိုးပမ်း

ထို့နောက် တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးက တာလေ-ပါလျှို-ကျိုင်းလပ်ကားလမ်းအပိုင်းကို သတ်မှတ်ချိန်စည္ဆန်းနှင့်အညီ အချိန်မီပြီးစီးအောင်ဆောင်ရွက်သွားရန်လိုကြောင်း၊ ယခုအချိန်အခါတွင် နိုင်ငံတော်အကြီးအကဲအနေဖြင့် နယ်စပ်ဒေသများဖွံ့ဖြိုးတိုးတက်ရေးကို အထူးအလေးထား ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နိုင်ငံတော်အစိုးရ၊ ပြည်သူ၊ တပ်မတော် ပူးပေါင်းဆောင်ရွက်မှုသာ အဘက်ဘက်မှတိုးတက်လာမှာဖြစ်၍ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းလုပ်ဆောင်သွားကြရန်လိုအပ်ကြောင်း၊ ဌာနဆိုင်ရာဝန်ထမ်းများအနေဖြင့် ပြည်သူများအပေါ် စိတ်ကောင်းစေတနာကောင်းထားပြီး ဒေသဖွံ့ဖြိုး တိုးတက်ရေး ဆောင်ရွက်ရာတွင် ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ အစွမ်းကုန်ကြိုးစားလုပ်ဆောင်သွားကြရန် မှာကြားလိုကြောင်း၊ ဝန်ထမ်းများအနေဖြင့် ဒေသခံပြည်သူများအား ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် အတူလက်တွဲပါဝင်ဆောင်ရွက်လာအောင် စည်းရုံးဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရက ဒေသဖွံ့ဖြိုးတိုးတက်ရေးကို တစ်စိုက်မတ်မတ်ကြိုးပမ်းဆောင်ရွက်နေချိန်တွင် ပြည်ထောင်စုပြိုကွဲအောင်၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုပြိုကွဲအောင် သွေးထိုးလှုံ့ဆော်သည့်အဖျက်သမားများ၏ အန္တရာယ်ကိုလည်း တိုင်းရင်းသားအချင်းချင်းစည်းလုံးညီညွတ်စွာဖြင့် စုပေါင်းတွန်းလှန်တိုက်ဖျက်သွားကြရမှာဖြစ်ကြောင်း စသည်ဖြင့် မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးသည်အစည်းအဝေးသို့ တက်ရောက်လာကြသော ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ဒေသခံပြည်သူများ၊ ရပ်မိရပ်ဖများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့်ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးသည် ကျိုင်းလပ်မြို့ ချဉ်းကပ်တံတားနှင့်မြို့တွင်းလမ်းကတ္တရာခင်းကျင်းထားရှိမှုအခြေအနေများကိုလည်းကောင်း၊ ဌာနဆိုင်ရာ အဆောက်အအုံများ ဆောက်လုပ်ပြီးစီးမှုနှင့် မြို့ပေါ်ရပ်ကွက်များသန့်ရှင်းသာယာလှပရေး ဆောင်ရွက်မှုအခြေအနေများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားဖြည့်ဆည်းဆောင်ရွက်ပေးပြီး ကျိုင်းလပ်မြို့မှ ရဟတ်ယာဉ်ဖြင့် ပြန်လည်ထွက်ခွာလာရာ ညနေ ၅နာရီခွဲတွင် ကျိုင်းတုံမြို့သို့ ပြန်လည်ရောက်ရှိသည်။ (သတင်းစဉ်)

ဆောက်လုပ်ရေး ဒုတိယဝန်ကြီး ဦးတင့်ဆွေ ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တရုတ်-မြန်မာဆွေးနွေးပွဲတက်ရောက်ရန် ထွက်ခွာ

ရန်ကုန် ဧပြီ ၂၁

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေ ခေါင်းဆောင်၍ အဖွဲ့ဝင်၁၅ဦး ပါဝင်သည့် အဆင့်မြင့်မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်ဟိုင်းမြို့တွင် ဧပြီ၂၀ရက်မှ မေ၃ရက်အထိ ကျင်းပမည့် တရုတ်-မြန်မာ ဖွံ့ဖြိုးမှုဇုန်ဆိုင်ရာ အဆင့်မြင့် ဆွေးနွေးပွဲသို့တက်ရောက်ရန် ယမန်နေ့ညပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်မှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်ဟိုင်းမြို့သို့ ထွက်ခွာသွားသည်။

ဒုတိယဝန်ကြီး ဦးတင့်ဆွေနှင့်အတူ ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ဝင် ရှစ်ဦးနှင့် ဝန်ကြီးဌာနတို့မှ အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ဝင်ခုနစ်ဦး စုစုပေါင်း အဖွဲ့ဝင် ၁၅ဦး လိုက်ပါသွားကြသည်။

(သတင်းစဉ်)

ကုန်သည်/စက်မှုအသင်းချုပ် ဥက္ကဋ္ဌ အင်ဒိုနီးရှားနိုင်ငံ ဘန်ဒေါင်းမြို့သို့ထွက်ခွာ

ရန်ကုန် ဧပြီ ၂၁

အင်ဒိုနီးရှားနိုင်ငံ ဘန်ဒေါင်းမြို့၌ ဧပြီ၂၁ရက်မှ ၂၂ရက်အထိ ကျင်းပမည့် အာရှ- အာဖရိက ကွန်ဖရင့် နှစ် (၅၀) ပြည့်အထိမ်းအမှတ် ရွှေရတုအခမ်းအနားပြပွဲသို့ တက်ရောက်ရန် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့် ဦးဆောင်၍ အဖွဲ့ဝင် ၁၀ဦးပါ ကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့ညပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဒုတိယဥက္ကဋ္ဌ ဦးသောင်းတင်နှင့် တာဝန်ရှိသူများက ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ပို့ဆောင်နှုတ်ဆက်ကြသည်။ (သတင်းစဉ်)

မင်္ဂလာဗျူဟာ သွေးလှူဒါန်းပွဲကျင်းပမည်

ရန်ကုန် ဧပြီ ၂၁

ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိမင်္ဂလာဗျူဟာအသင်းချုပ်တွင်(၇၆)ကြိမ်မြောက် ဒါနဥပပါရမီ သွေးလှူဒါန်းပွဲကို ဧပြီ ၂၄ရက် နံနက်၉နာရီတွင် စတင်ကျင်းပမည်ဖြစ်သည်။ သွေးလှူရှင်များသည် ဧပြီ ၂၃ရက်(စနေနေ့)နံနက် ၈နာရီတွင် မင်္ဂလာဗျူဟာအသင်းချုပ်သို့ ကြိုတင်စာရင်းပေးကြရန် နှိုးဆော်အသိပေးထားသည်။ (၂၃)

ဧပြီ ၁၂ ရက်က အ ထ က(၄) ဗိုလ်တထောင်၏၂၀၀၄-၂၀၀၅ ပ ညာ သင်နှစ် အခြေခံပညာမူ လ တန်း ဆင့်သင်ယူ ပြီးမြောက်ခြင်း လက်မှတ်ပေး အပ် ပွဲ တွင် စတုတ္ထတန်း (က)မှ မခင်စန္ဒာမျိုးအား ကျောင်းအုပ်ဆရာမကြီး ဒေါ်မြမြသိန်း သင်ယူ ပြီးမြောက်ခြင်းလက်မှတ် ပေးအပ်စဉ်။ (က-ပ)

တောင်ကြီးမြို့ မဟာသင်္ကြန်ပွဲတော်ဆုပေးပွဲ တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့် တက်ရောက်ချီးမြှင့်

ရန်ကုန် ဧပြီ ၂၁

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ဆုပေးပွဲနှင့် ပိတ်ပွဲအခမ်းအနားကို ဧပြီ၁၆ရက် ညနေ၅နာရီက တောင်ကြီးမြို့ မြို့မဈေးကြီးဗဟိုမဏ္ဍပ်၌ကျင်းပရာ အခမ်းအနားသို့ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာန ချုပ်တိုင်းမှူးဗိုလ်ချုပ်ခင်မောင်မြင့်နှင့်ဇနီး၊ တိုင်းစစ်ဌာနချုပ်မှ ဦးစီးအရာရှိကြီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်ယိမ်းအဖွဲ့များ၊ ဒေသခံပြည်သူများနှင့် ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

အစီအစဉ်အရ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆုရရှိသည့် မဟာသင်္ကြန်မဏ္ဍပ်များ၊ ယိမ်းအကပြိုင်ပွဲပထမ၊ ဒုတိယ၊ တတိယဆုများနှင့် ဂုဏ်ပြုအထူးဆုရရှိကြသူများအား ဆုများအသီးသီးပေးဆပ်ချီးမြှင့်ကြသည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၂-၄-၂၀၀၅ (သောကြာနေ့)

၇း၀၀	အဖွင့် ယနေ့အစီအစဉ်
၇း၀၅	ရော်ဘာအစေးလှီးရာတွင် အရေးကြီးသည့်အချက်များ
၇း၁၅	တေးဂီတအစီအစဉ်
၇း၂၀	ပြည်တွင်းသတင်း
၇း၂၅	အိုင်အိုဒင်းနှင့် ကျန်းမာရေး
၇း၃၀	ဂီတသံစဉ်အလှဆင်
၇း၅၀	လျှို့ဝှက်သောနှင်း တေးသံစဉ်နှင့်ပုံရိပ်များ
၈း၅၀	နိုင်ငံတကာသတင်း
၈း၅၅	မြေလွှာကိုဖွင့် ပြည်ကိုမြှင့်အံ့(အပိုင်း-၁)
၉း၀၅	တေးဂီတအစီအစဉ်
၉း၁၀	ပြည်တွင်းသတင်း
၉း၁၅	လက်ဆင့်ကမ်းဝေ ဂီတအမွေ
၉း၅၀	တေးဂီတအစီအစဉ်
၉း၅၅	သံဂဟေအတတ်ပညာ(အပိုင်း-၂)
၁၀း၀၅	နိုင်ငံတကာသတင်း
၁၀း၁၀	တေးဂီတအစီအစဉ်
၁၀း၁၅	မိုးလေဝသခန့်မှန်းချက်
၁၀း၂၀	UEFA Stories Euro 1968
၁၀း၄၅	တေးဂီတအစီအစဉ်
၁၀း၅၀	စားသုံးသူများလိုအပ်ချက်ဖြည့်ဆည်းရန် သမဝါယမများက ဖြည့်ဆည်းစီမံ
၁၁း၀၀	အပိတ်

အထက်ပါ(၄)နာရီစာ အစီအစဉ်များကို ည ၂၃း၀၀ နာရီအထိ(၄)ကြိမ် ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

မီးဘေးရှောင် မလောင်ခင်တား

အိုလံပစ် အားကစားနှင့် စာပေပြိုင်ပွဲများ ကျင်းပမည်

ရန်ကုန် ဧပြီ ၂၁

အိုလံပစ် အားကစားနှင့် စာပေပြိုင်ပွဲ ကျင်းပရေးကော်မတီက ကြီးမှူး၍ စာပေနှင့် အိုလံပစ် အားကစားပြိုင်ပွဲများ ကျင်းပရေးပေါင်းကူးမှုအဖြစ် နိုင်ငံတကာအဆင့်တွင် မြန်မာနိုင်ငံမှ ထူးချွန်သူများ ပါဝင်ယှဉ်ပြိုင်ခွင့်ရရှိစေရန် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်၊ သိပ္ပံနှင့် အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများအတွက် အိုလံပစ် အားကစားနှင့် စာပေပြိုင်ပွဲများကို ကျင်းပမည်ဖြစ်သည်။

အဆိုပါ အိုလံပစ် အားကစားနှင့် စာပေပြိုင်ပွဲအဖြစ် စာစီစာကုံးပြိုင်ပွဲများကို အသက်အုပ်စုသုံးစု ခွဲခြား ကျင်းပမည်ဖြစ်ရာ အသက်အုပ်စု အဆင့် (၁)တွင် အသက် (၁၂)နှစ်နှင့်အောက် (ပဥ္စမတန်း၊ ဆဋ္ဌမတန်း၊ သတ္တမတန်း) ကျောင်းသား၊ ကျောင်းသူများ၊ အသက်အုပ်စုအဆင့်(၂)တွင် အသက် (၁၂)နှစ်မှ (၁၈)နှစ်အထိ (အဋ္ဌမတန်း၊ နဝမတန်း၊ ဒသမတန်း) ကျောင်းသား၊ ကျောင်းသူများ၊ အသက်အုပ်စု အဆင့်(၃)တွင် အသက် (၁၉) နှစ်နှင့်အထက် (တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်၊ သိပ္ပံများမှ) ကျောင်းသား၊ ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်နိုင်သည်။

ပါဝင်ယှဉ်ပြိုင်သူများသည် အိုလံပစ်စိတ်ဓာတ်၊ အိုလံပစ်တန်ဖိုး တစ်ခုခုကို ဖော်ညွှန်းသော အထူးချွန်ဆုံး ပုဂ္ဂိုလ်အကြောင်း (Excelling oneself)၊ သန့်ရှင်းစွာ ယှဉ်ပြိုင်မှု (Fair Play)၊ ပျော်ရွှင်စွာ ကြိုးပမ်းအားထုတ်မှု (Joy in effort)၊ အခြား သူများအပေါ် လေးစားမှု (Respect for others)၊ ကိုယ်နှင့်စိတ်အကြား ချိန်ဆနိုင်မှု (Balance between Body and Mind) ခေါင်းစဉ်တစ်ခုခုကို ရေးသားယှဉ်ပြိုင်နိုင်သည်။

ယှဉ်ပြိုင်မည့် သူများသည် မိမိနှစ်သက်ရာ ခေါင်းစဉ်တစ်ခုခုကို မိမိတို့နှင့် သက်ဆိုင်ရာ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်၊ သိပ္ပံနှင့် အခြေခံပညာကျောင်းများတွင် စာရင်းသွင်း ယှဉ်ပြိုင်နိုင်ပြီး အဆင့် (၁)နှင့် အဆင့်(၂) ပြိုင်ပွဲများကို မေ ၇ ရက် နံနက် ၈ နာရီမှ နံနက် ၁၁နာရီအထိ အခြေခံပညာကျောင်းများတွင် လည်းကောင်း၊ အဆင့်(၃) ပြိုင်ပွဲကို မေ ၈ရက် နံနက် ၈ နာရီမှ နံနက် ၁၁ နာရီအထိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်၊ သိပ္ပံများတွင် လည်းကောင်း ကျင်းပမည်ဖြစ်သည်။ စာစီစာကုံး ရေးသားယှဉ်ပြိုင်ရာတွင် စာလုံးရေ ၇၅၀၀ ထက် မပိုစေရ။ ပါဝင်ယှဉ်ပြိုင်သူ တစ်ဦးသည် အဆင့်တစ်ခုအတွက် ပြိုင်ပွဲဝင်စာမူတစ်ခုသာ ပါဝင်ယှဉ်ပြိုင်ခွင့်ရှိသည်။ ပြိုင်ပွဲနှင့် ပတ်သက်၍ အသေးစိတ် သိလိုပါက မိမိတို့သက်ဆိုင်ရာ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်၊ သိပ္ပံနှင့် အခြေခံပညာကျောင်းများတွင် စုံစမ်းနိုင်သည်။ (သတင်းစဉ်)

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၁၉)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီက ကြီးမှူး၍ အမျိုးသမီးရေးရာနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းခွဲတို့ စုပေါင်း၍ မြန်မာနှစ်ဆန်းတစ်ရက်နေ့က သက်ကြီးပူဇော်ပွဲ ကျင်းပစဉ်။ (က–ပ)

ဗိုလ်တထောင် ရောင်တော်ဖွင့်အသင်း အထူးတရားပွဲများ ကျင်းပမည်

ရန်ကုန် ဧပြီ ၂၁

ဗိုလ်တထောင်ရောင်တော်ဖွင့်အသင်း၏ (၅၄)နှစ်ပြည့် အထိမ်းအမှတ်အဖြစ် ဗိုလ်တထောင်ရောင်တော်ဖွင့်အသင်းကကြီးမှူး၍ ဗိုလ်တထောင်ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော် ရင်ပြင်၌ တရားပွဲများကို ကျင်းပမည်ဖြစ်ရာ ဧပြီ ၂၅ရက် (တနင်္လာနေ့)တွင် အရှင် အရဝိန္ဒာဘိဝံသ(ရွှေလင်းယုန် ဆရာတော်)၊ ဧပြီ ၂၆ရက် (အင်္ဂါနေ့)တွင် အရှင်ဉာဏိဿရ(သီတဂူဆရာတော်)နှင့် ဧပြီ ၂၇ရက်(ဗုဒ္ဓဟူးနေ့)တွင် အရှင်ကောသလ္လ (ဓမ္မစေတီဆရာတော်) အရှင်သူမြတ်တို့က ညစဉ် ၇နာရီမှ စတင်၍ တရားတော်များကို ဟောကြားမည်ဖြစ်သည်။ (သတင်းစဉ်)

ချယ်လ်ဆီးနှင့် အာဆင်နယ် ဂိုးမရှိ သရေကျ မန်ချက်စတာယူနိုက်တက်ကို အဲဗာတန်အနိုင်ယူ

လန်ဒန် ဧပြီ ၂၁

ပရီမီယာရှစ် ဘောလုံးပြိုင်ပွဲကို ဗုဒ္ဓဟူးနေ့က ဆက်လက်ကျင်းပရာ ချယ်လ်ဆီးအသင်းနှင့် အာဆင်နယ်တို့၏ပွဲ၌ ဂိုးမရှိ သရေကျခဲ့ကြပြီး မန်ချက်စတာယူနိုက်တက်အသင်းက အဲဗာတန်အသင်းနှင့် ကစားရာတွင် တစ်ဂိုး–ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။

ချယ်လ်ဆီး–အာဆင်နယ်

အိမ်ကွင်းဖြစ်သော စတမ်းဖို့ဒ်ဘရစ်ချ်ကွင်းတွင် ဂိုးမရှိ သရေကျခဲ့သော ချယ်လ်ဆီးအသင်းသည် လာမည့် စနေနေ့တွင် ဖူလ်ဟမ်အသင်းနှင့် ကစားရသည့်အခါ နှစ်ပေါင်း ၅၀ အတွင်း ပထမဆုံးအကြိမ် ချန်ပီယံဆုဖလားရရှိနိုင်မည့် အခွင့်အရေးတစ်ရပ်ကိုရရှိရန် အနိုင်ကစားမည်ဟု မျှော်လင့်ရသည်။ ဟိုဆေးမော်ရင်ညို၏ ချယ်လ်ဆီးအသင်းသည် ဖူလ်ဟမ်ကို အနိုင်ရရှိပြီး ဧပြီ ၂၅ ရက် လန်ဒန်မြောက်ပိုင်း ဒါဘီပွဲတွင် အာဆင်နယ်အသင်းက တော့တင်ဟမ်ဟော့စပါးစ် အသင်းကို အနိုင်ကစားနိုင်ခြင်းမရှိပါက ချန်ပီယံဆုဖလားကို ချယ်လ်ဆီးပိုင်ဆိုင်ခွင့် ရရှိမည်ဖြစ်သည်။

လန်ဒန်ရှိ စတမ်းဖို့ဒ်ဘရစ်ချ်ကွင်းတွင် အာဆင်နယ်အသင်းမှ ဘားကမ့်နှင့် ချယ်လ်ဆီး အသင်းမှ ဂျွန်တယ်ရီတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားကြစဉ်။ (ဓာတ်ပုံ–အင်တာနက်)

သို့ရာတွင် ချယ်လ်ဆီးအသင်းသည် ယခုပွဲတွင် အာဆင်နယ်အသင်းနှင့် ခြေရည်တူကစားခဲ့ရပြီး တစ်မှတ်နှင့်သာ ထိုက်တန်ခဲ့သည်။ ချယ်လ်ဆီးအသင်းသည် အိမ်ကွင်းတွင် ဂိုးမရှိ သရေကျခဲ့ခြင်းမှာ ၎င်းအသင်းအတွက် ကြီးမားသော ဆုတ်ယုတ်မှုတစ်ရပ်ဖြစ်သည်။ ချယ်လ်ဆီးအသင်းသည် ငါးပွဲမျှသာ ကစားရန် ကျန်ရှိနေချိန်တွင် အာဆင်နယ်အသင်းထက် ၁၁ မှတ် အသာရရှိကာ ၈၂ မှတ်ဖြင့် အမှတ်ပေးဇယားတွင် ထိပ်ဆုံးမှ ရပ်တည်နေသည်။

အာဆင်နယ်အသင်းသည် ပွဲစလျှင်စချင်း ဂိုးသွင်းနိုင်ရန် အခွင့်အလမ်းရရှိခဲ့သည်။ အာဆင်နယ်အသင်းမှ ရောဘတ်ပီရက်စ်က အပိုင်ဂိုးသွင်းနိုင်ရန် ကြိုးပမ်းခဲ့သော်လည်း ဘောလုံးမှာ ဘားတန်းကိုသာ ထိမှန်ခဲ့သည်။ ယင်းနောက် ပွဲချိန် ၉ မိနစ်တွင် ရှစ်ကိုက်အကွာမှ ကန်သွင်းခွင့်ရရှိခဲ့သော်လည်း ဂိုးမဝင်ခဲ့ပေ။

အိမ်ရှင်အသင်းသည် ဒုတိယပိုင်းပြန်စပြီးနောက် အခွင့်အလမ်းများ ပိုမိုရရှိလာသည်။ ဒရော့ဘာနှင့် ဖရန့်ခ်လမ်းပတ်တို့မှာ ဂိုးသွင်းလုဆဲဆဲ အနေအထားကို အသီးသီး ရရှိခဲ့ကြသော်လည်း ဂိုးသွင်းနိုင်ခြင်း မရှိခဲ့ကြပေ။

ပရီမီယာရှစ် ထိပ်တန်းနှစ်သင်းတို့၏ ပွဲတွင် အာဆင်နယ်အသင်း၏ ပြင်သစ်တိုက်စစ်မှူး သီယာရီ အွန်နရီနှင့် ဖရက်ယွန်းဘတ်တို့ ပါဝင်ကစားနိုင်ခြင်း မရှိပေ။ အွန်နရီသည် ပေါင်တွင် ဒဏ်ရာရရှိထားပြီး ပြီးခဲ့သည့် ရက်သတ္တပတ်ကုန်က အက်ဖ်အေဖလား အကြိုဗိုလ်လုပွဲတွင် ဘလက်ဘန်း အသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ရာတွင်လည်း ပါဝင်နိုင်ခဲ့ခြင်း မရှိပေ။

မန်ချက်စတာ ယူနိုက်တက် အသင်းမှ ဝိန်းရွန်နေးနှင့် အဲဗာတန် အသင်းမှ တင်ကာအီးလ်(ဝဲ)၊ ဆိုနီ ဟစ်ဘတ်တို့ ဘောလုံး ယှဉ်လုနေကြစဉ်။ (ဓာတ်ပုံ–အင်တာနက်)

အဲဗာတန်–မန်ချက်စတာယူနိုက်တက်

ဗုဒ္ဓဟူးနေ့ပွဲတွင် မန်ချက်စတာယူနိုက်တက် အသင်းအပေါ် အနိုင်ရရှိခြင်းဖြင့် အဲဗာတန် အသင်းသည် လာမည့် ဘောလုံးရာသီ၌ ယူအီးအက်ဖ်အေ ချန်ပီယံလိဂ်တွင် ပါဝင်ခွင့်ရရှိရန် ကြိုးပမ်းမည်ဆိုသော ယင်းအသင်း၏ ကြွေးကြော်ချက်မှာ ပိုမိုခိုင်မာသွားသည်။

မန်ချက်စတာ ယူနိုက်တက် အသင်းသည် ပရီမီယာလိဂ်အဆင့်၌ ဒုတိယမြောက် ဆက်တိုက်ရှုံးနိမ့်မှုနှင့် တွေ့ကြုံရသည်။ ဒုတိယပိုင်းတွင် မန်ချက်စတာ ယူနိုက်တက်အသင်းမှ ဂယ်ရီနေဗီးလ်နှင့် ပေါလ်စခိုးလ်တို့ နှစ်ဦးစလုံး ထုတ်ပယ်ခံခဲ့ရသည်။

အဲဗာတန်အတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ပွဲချိန် ၅၅ မိနစ်တွင် ဖာဂူဆန်က သွင်းယူခဲ့သည်။

အခြားပွဲရလဒ်များ

လီဗာပူး	(၂–၁)	ပို့စ်မောက်
အက်စ်တွန်ဗီလာ	(၀–၀)	ချာလ်တန်
မန်ချက်စတာစီးတီး	(၃–၀)	ဘာမင်ဂမ်စီးတီး
တော့တင်ဟမ်ဟော့စပါးစ်	(၁–၁)	ဝက်စ်ဘရွမ်း
နော်ဝစ်ချ်စီးတီး	(၂–၁)	နယူးကာဆယ်ယူနိုက်တက်
ဘလက်ဘန်းရိုဗာ	(၁–၀)	ခရစ္စတယ်လ်ပဲလေ့စ်

ဆင်ဟွာ၊ ရိုက်တာ။

တီလားပီးယားငါးဈေးပွဲတော်

နေ့ရက်။ ၃၀–၄–၂၀၀၅ မှ ၁–၅–၂၀၀၅ ထိ(၂)ရက်

အချိန်။ ၀၅း၃၀ နာရီ မှ ၂၀း၀၀ နာရီထိ

နေရာ။ ငါးလုပ်ငန်းအဖွဲ့ချုပ်
ဘုရင့်နောင်လမ်းမကြီးနှင့်ဆေးဝါးစက်ရုံလမ်းထောင့်
အနောက်ကြို့ကုန်းရပ်ကွက်၊အင်းစိန်မြို့နယ်

ရောင်းချမည့်ဆိုင်များ။ တီလားပီးယားငါးအကောင်လိုက်ဆိုင်(၂)ဆိုင်
တရုတ်နည်းဖြင့်ချက်ပြုတ်မည့်ဆိုင်(၃)ဆိုင်
မြန်မာရိုးရာသမင်းဆိုင်(၂)ဆိုင်
ထိုင်းနည်းဖြင့်ချက်ပြုတ်မည့်ဆိုင်(၂)ဆိုင်
ငါးခေါက်ဆွဲနှင့်ငါးကြော်ဆိုင်(၃)ဆိုင်
မုန့်ဟင်းခါးဆိုင်(၂)ဆိုင်

တီလားပီးယားငါးအသားလွှာငါးချဉ်အရောင်း
ငါးဆုပ်လုံးများကိုလည်းအသင့်ချက်ပြုတ်စားသုံးနိုင်ရန်
ဈေးနှုန်းသက်သာစွာဖြင့်ရောင်းချသွားပါမည်။

ငါးဈေးပွဲတော်သို့ဝင်ကြေးမရှိ
လာရောက်ဆင်နွှဲနိုင်ပါသည်။



မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန

မဟာသကျမုနိရုပ်ပွားတော်မြတ်ကြီး နှစ်ဦးအဖွင့် မင်္ဂလာဓမ္မသဘင် အထူးတရားပွဲဖိတ်ကြားလွှာ

"သစ်ဆန်းကြားနာ၊စင်ကြယ်စွာသား" ယုံမှားပယ်တတ်၊ ဖြောင့်မတ်ယူမြင်၊ စိတ်ကြည်လင်ရိုး၊ ဤငါးမျိုးသည် တရားနာရာ အကျိုးတည်း။ ။

အင်္ဂုတ္တိုရ်ပါဠိတော်တွင် ဗုဒ္ဓဘုရား ဟောကြားတော်မူသည့်အတိုင်း ဘုရားရှင်၏ တရားတော်များကို ရိုသေစွာနာကြားရသူတိုင်း အထက်ပါ အကျိုးတရား ငါးပါးတို့ဖြင့် ပြည့်စုံကြစေရန် ရည်စိတ်သန်၍ ရန်ကုန်တိုင်း၊ ကြည့်မြင်တိုင်မြို့နယ် ကျောင်းကြီးတိုက်အတွင်း ကိန်းဝပ်စံပယ်လျက်ရှိသော မဟာသကျမုနိ ရုပ်ပွားတော်မြတ်ကြီး၏ နှစ်ဦးအဖွင့် မင်္ဂလာဓမ္မသဘင်ကို တစ်ဖက်ပါ အစီအစဉ်အတိုင်း အထူးတရားပွဲသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါ၍ သဒ္ဓါတရား ဦးထိပ်ထားလျက် တရားနာကြွရောက်ပါရန် ကောင်းမြတ်သော မနသီ၊ ရွှင်ကြည်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။

ဟောကြားမည့်ဆရာတော်ကြီးများ	ဟောကြားမည့်နေ့ရက်	အထူးတရားပွဲအစီအစဉ်
စစ်ကိုင်းတောင်ရိုး၊ သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ၊ သီတဂူဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရ (D.Litt)	၁၃၆၇ ခု၊ တန်ခူးလပြည့်နေ့ စနေနေ့ (၂၃-၄-၂၀၀၅)	**ကျင်းပမည့်နေ့ရက်** ၁၃၆၇ခု၊ တန်ခူးလပြည့်နေ့မှ တန်ခူးလပြည့်ကျော် (၃)ရက်နေ့ထိ
ပဌမကျော်ဓမ္မာစရိယ အရှင်ဆန္ဒာဓိက(ရွှေပါရမီတောရ)	၁၃၆၇ခု၊ တန်ခူးလပြည့်ကျော် (၁) ရက် တနင်္ဂနွေနေ့ (၂၄-၄-၂၀၀၅)	**ကျင်းပမည့်နေရာ** မဟာသကျမုနိရုပ်ပွားတော်မြတ် ဂန္ဓကုဋိတန်ဆောင်းတော်ကြီး၊ ကျောင်းကြီးတိုက်၊ ကျောင်းကြီးလမ်း၊ ကြည့်မြင်တိုင်မြို့နယ်။
ဝနဝါသီ အရှင်ဝါသေဋ္ဌာဘိဝံသ (ကျောက်တလုံးတောရ)	၁၃၆၇ခု၊ တန်ခူးလပြည့်ကျော် (၂) ရက် တနင်္လာနေ့ (၂၅-၄-၂၀၀၅)	
စစ်ကိုင်းတောင်ရိုး သဒ္ဓမ္မသီတဂူချောင် ဓမ္မကထိက ဗဟုဇနဟိတဓရ၊ သီတဂူကြယ်တစ်ပွင့် အရှင်ပညာနန္ဒ	၁၃၆၇ခု၊ တန်ခူးလပြည့်ကျော် (၃) ရက် အင်္ဂါနေ့ (၂၆-၄-၂၀၀၅)	**ကျင်းပမည့်အချိန်** ညစဉ် (၇) နာရီ

အောင်ဆန်း မိုးကုတ်ရိပ်သာ တရားစခန်းပွဲများ ကျင်းပ

ရန်ကုန် ဧပြီ ၂၁

ရန်ကုန်တိုင်း အင်းစိန်မြို့နယ် အောင်ဆန်းမြို့ တောရတပ်ဦးကျောင်းတိုက် မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ(၇၇)တွင် အကြိမ် (၁၀၀)မြောက် ခုနစ်ရက် တရားစခန်းပွဲကို ဧပြီ ၁ ရက်မှ ၇ ရက်အထိ ဖွင့်လှစ်ခဲ့ရာ ယောဂီ ၈၅၀ တရားစခန်းဝင်ရောက်ခဲ့ပြီး (၁၀၁)ကြိမ်မြောက် ခုနစ်ရက်အထူးတရားစခန်းပွဲကို ဧပြီ ၁၁ ရက်မှ ၁၇ ရက်အထိ ဖွင့်လှစ်ခဲ့ရာ ညအိပ်ယောဂီ ၁၆၀၀၊ နေ့ယောဂီ ၃၀၀ တရားစခန်း ဝင်ရောက်ခဲ့ကြသည်။

တရားစခန်းပွဲများကို နိုင်ငံတော်ပြဲဝါဒါစရိယ ရွာမပရိယတ္တိစာသင်တိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တနန္ဒဝံသက ဩဝါဒစကားမိန့်ကြား ဖွင့်လှစ်ပေးပြီး မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ သဒ္ဓမ္မကိတ္တိသာရ အရှင်သူမြတ်နှင့် တပည့် ဘဒ္ဒန္တ ဓမ္မဇောတိက ဟောကြားပြသသည်။ (သတင်းစဉ်)

ရန်ကင်းမြို့နယ် (၁၁)ရပ်ကွက် ရတနာသုခသိပ္ပံကျောင်း ဆရာတော် ဦးပဏ္ဍိစ္စက ဆွမ်းပဒေသာပင်နှင့် ဆေးပဒေသာပင်ငွေကျပ် နှစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီးသို့ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ပေးအပ်လှူဒါန်း

ရန်ကုန်မြို့နေ ဦးဝင်းလွင်-ဒေါ်အေး (ခ) ဒေါ်အေးမြင့်စိန်၊ သားမောင် ကျော်ဇင်ထွန်း၊ သမီး မအေမီလွင်၊ မသူသူလွင်၊ မနိုးနိုးလွင် မိသားစုက ညောင်ဦးမြို့နယ် မြို့ကုန်းရပ်ကွက်ရှိ သမိုင်းဝင် စိန္တာမုနိစေတီတော်ကြီး အဝီစိရေတွင်းနှင့် ရေစုပ်စက်အတွက် အလှူငွေကျပ် ၄၅၀၀၀၀ ကို ဧပြီ ၁၇ ရက်က အင်းစိန်မြို့နယ် ဒုတိယ တရားသူကြီး ဦးဝင်းမြင့်စိုး၊ အဖွဲ့ဥက္ကဋ္ဌ ဦးဘိုကြည်၊ အတွင်းရေးမှူး ဦးခင်မောင်ညွှန့်တို့ထံ ပေးအပ်လှူဒါန်းစဉ်။ (၃၀၀)

မြန်မာ့ခရီးသွားလုပ်ငန်းမှ ပြည်တွင်းခရီးသွားများအတွက် ပုံမှန်နှင့် အထူးခရီးစဉ်များ စီစဉ်ဆောင်ရွက်ပေးလျက်ရှိ

ရန်ကုန် ဧပြီ ၂၁

မြန်မာ့ခရီးသွားလုပ်ငန်းဌာနသည် ပြည်တွင်းခရီးသွားများ မြန်မာပြည်အနှံ့ လွယ်ကူစွာ ခရီးသွားလာနိုင်စေရန် အတွက် ခရီးစဉ်များကို စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ စီစဉ်ဆောင်ရွက်ပေးရာတွင် အစုအဖွဲ့အလိုက်ဖြစ်စေ၊ တစ်ဦးချင်းဖြစ်စေ သွားလာနိုင်မည့် ခရီးစဉ်များအဖြစ် ရန်ကုန်-ကျိုက်ထီးရိုး-ရန်ကုန် (၁ ညအိပ် ၂ ရက်) ခရီးစဉ်နှင့် ရန်ကုန်-ပုဂံ-ပုပ္ပား-ရန်ကုန် (၃ ညအိပ် ၄ ရက်) ခရီးစဉ်များကို ပုံမှန် စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ဆောင်ရွက်ပေးနေ

အဆိုပါ ခရီးစဉ်များအပြင် အစုအဖွဲ့အလိုက် ခရီးစဉ်များဖြစ်သည့် ရန်ကုန်-မြစ်ကြီးနား(မြစ်ဆုံ)-ရန်ကုန် (၂ညအိပ် ၃ရက်)ခရီးစဉ်၊ ရန်ကုန်- တောင်ကြီး-အင်းလေး - ပင်းတယ - ကလော-ရန်ကုန် (၄ ညအိပ် ၅ရက်) ခရီးစဉ်၊ ရန်ကုန် - ကျိုင်းတုံ - တာချီလိတ်-ရန်ကုန် (၄ ညအိပ် ၅ရက်) ခရီးစဉ်၊ ရန်ကုန်-စစ်တွေ-မြောက်ဦး-ရန်ကုန် (၄ ညအိပ် ၅ရက်) ခရီးစဉ်၊ ရန်ကုန်-မန္တလေး- စစ်ကိုင်း-အလောင်းတော်ကဿပ-ရန်ကုန် (၄ညအိပ် ၅ ရက်) ခရီးစဉ်၊ ရန်ကုန်-ပြင်ဦးလွင်-လားရှိုး-မူဆယ်-ရန်ကုန် (၄ညအိပ် ၅ ရက်) ခရီးစဉ်၊ အပန်းဖြေခရီးစဉ်များဖြစ်သည့် ရန်ကုန်-ငွေဆောင်-ရန်ကုန်၊ ရန်ကုန်-ချောင်းသာ- ရန်ကုန်နှင့် ရန်ကုန်-ငပလီ-ရန်ကုန် စသည့်ခရီးစဉ်များကို ဆက်လက် ဆောင်ရွက်ပေးနေပြီဖြစ်သည်။

ဖျော်ဖြေမှုခံစားနိုင်

အထူးခရီးစဉ်အဖြစ် ရန်ကုန်-ပဲခူး-ရန်ကုန် (၁ညအိပ် ၂ရက်) ခရီးစဉ်သစ်တစ်ခုပါ စီစဉ်ဆောင်ရွက် ပေးလျက်ရှိသည်။ အဆိုပါ ခရီးစဉ်မှာ ရက်တိုအားလပ်ရက်များတွင် ရန်ကုန်မြို့မှ အစုအဖွဲ့အလိုက်ဖြစ်စေ၊ မိသားစုအလိုက်ဖြစ်စေ သွားရောက်နိုင်ပြီး အမျိုးသားများအတွက် ပဲခူးမြို့၌ ဂေါက်သီးရိုက်ကစားစဉ် လိုက်ပါလာသည့် မိသားစုများက ပဲခူးမြို့ရှိ တန်ခိုးကြီးဘုရားများအား ဖူးမြော်ခြင်း၊ မိုးယွန်းကြီးအင်းတွင် ငှက်မျိုးစုံ ကြည့်ရှုလေ့လာနိုင်ပြီး ညပိုင်း၌ ရွှေဝါထွန်းဟိုတယ်၌ အပန်းဖြေ အနားယူရင်း ဖျော်ဖြေမှုများ ခံစားနိုင်သည်။

ခရီးစဉ်များကို အသေးစိတ် သိလိုပါက မြန်မာ့ခရီးသွားလုပ်ငန်းဌာန (၇၇/၉၁) ဆူးလေဘုရားလမ်း ရန်ကုန်မြို့ ဖုန်း-၂၅၂၈၅၉၊ ၃၈၇၀၀၂ သတင်းနှင့် ပြန်ကြားရေးဌာနသို့ ဆက်သွယ်စုံစမ်းနိုင်သည်။ (သတင်းစဉ်)

ကံမြင့်ကျောင်းတိုက် မိုးကုတ်ဝိပဿနာတရားပွဲ

ရန်ကုန် ဧပြီ ၂၁

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် အောင်ချမ်းသာရပ်ကွက် သီရိမင်္ဂလာလမ်း ကံမြင့်ကျောင်းတိုက် ဓမ္မာရုံ၌ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း သာကေတမြို့နယ် အောင်စကြာ မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ၏ ကမ္မဋ္ဌာနာစရိယ၊ သာသနာပြုနယ်လှည့် ဓမ္မကထိက အောင်စကြာ အရှင်စန္ဒသိရီ(ဓမ္မာစရိယ) အရှင်သူမြတ်သည် ဧပြီ ၂၇ ရက်မှ မေ ၁ ရက်အထိ ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပာဒ် တရားတော်များကို ဟောကြားမည်ဖြစ်ရာ ညစဉ် ၇နာရီတွင် တရားနာယူနိုင်ကြောင်း သိရသည်။ (က-ပ)

မလွန်အထက အာစရိယပူဇော်မည်

ရန်ကုန် ဧပြီ ၂၁

အထက်မင်းလှမြို့နယ်မလွန်အထက ကျောင်းတွင် ၁၉၇၃ ခုနှစ်မှ ၂၀၀၄ ခုနှစ်အထိ ပညာသင်ကြားပေးခဲ့သော အသက်၅၀ နှစ်နှင့်အထက် ဆရာကြီး၊ ဆရာမကြီးများအား ကျောင်းသား၊ ကျောင်းသူဟောင်းများက ဧပြီ ၂၄ ရက် နံနက် ၈နာရီ၌ အထကမလွန် (မြရောခန်းမ)တွင် ပူဇော်ကန်တော့မည်ဖြစ်ရာ ဦးအောင်မျိုးဝင်း ဖုန်း ၀၁-၅၇၀၉၅၀၊ ဒေါ်မိမိမြတ် ၀၆၅-၃၀၀၄၉၊ ဦးကိုကိုအောင် ၀၁-၂၄၂၇၇၅ နှင့် ဦးသန်းဝင်း ၀၆၅-၃၀၁၃၃ (လိုင်းခွဲ-၂၁၇၀) တို့သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။ (က-ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၂-၄-၂၀၀၅ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှာဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ အစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
၈:၁၆ ၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ လက်စွမ်းပြဟန်ဂီတသံ
၄:၂၀ ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄:၃၀ ၅။ နားဝင်ငြိမ့်စီးသီချင်းကြီး
၄:၄၀ ၆။ မျိုးချစ်တပ်မတော်
၄:၅၀ ၇။ အလွမ်းတေးပန်းချီချစ်သူဆီ
၅:၀၀ ၈။ **အဝေးသင်ပညာရေးပို့ချမှုအစီအစဉ် Project Preparation and Evaluation. (ဒုတိယနှစ်-ပြည်သူ့ရေးရာ)**
၅:၃၀ ၉။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၁။ နိုင်ငံတကာသတင်း
၆:၂၀ ၁၂။ မိုးလေဝသသတင်း
၆:၂၅ ၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၀ ၁၄။ **"ထူးခြားသောကလေးငယ်" ကာတွန်းဇာတ်လမ်း (အပိုင်း-၄၃)**
၆:၄၅ ၁၅။ **လျှပ်တစ်ပြက်ရိုက်ချက်**
၇:၀၀ ၁၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ငယ်ချစ်ဦး" (အပိုင်း-၁၃)**
၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၉။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၀။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မျက်နှာဖုံးလူနဲ့ ရွှေမင်းသမီး" (အပိုင်း-၁၉)**
၂၁။ သင့်အတွက်မနက်ဖြန်
၂၂။ အပိတ်နှုတ်ဆက်စကား
၂၃။ ပြီးပါပြီ။

ပြည်ပြေးစဝ်ခမ်ဖနှင့် အပေါင်းပါတစ်စု၏လုပ်ရပ်သည် ပြည်ထောင်စုကြီး ပြိုကွဲပျက်စီးစေပြီး တိုင်းရင်းသားစည်းလုံးညီညွတ်မှုနှင့် ဒီမိုကရေစီအသွင်ကူးပြောင်းရေး လုပ်ငန်းများကိုပါ ထိခိုက်စေ

ရန်ကုန် ဧပြီ ၂၁

ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်းရှိ လူမှုရေးအသင်းအဖွဲ့များ၊ နိုင်ငံရေးပါတီများနှင့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များသည် နိုင်ငံတော်တည်ငြိမ်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အများပြည်သူတို့၏ အေးချမ်းသာယာရေးကို အနှောင့်အယှက် အန္တရာယ်ပြုလာသည့် ပြည်ပြေးစဝ်ခမ်ဖ ဦးစီးသောအဖွဲ့နှင့် အပေါင်းပါတစ်စု၏ လုပ်ရပ်များကို ပြစ်တင်ရှုတ်ချ၊ ဆန့်ကျင်ကန့်ကွက်သော သဘောထားကြေညာချက်များကို အသီးသီးထုတ်ပြန်ခဲ့ကြသည်။ အဆိုပါ အဖွဲ့အသီးသီး၏ သဘောထားကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့၏ ထုတ်ပြန်ကြေညာချက်

၁။ ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ထားသော မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့သည် ပြည်ပြေးစဝ်ခမ်ဖနှင့် အပေါင်းပါတစ်စု၏ လုပ်ရပ်များမှာ ပြည်ထောင်စုပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုပြိုကွဲရေး လုပ်ရပ်များဖြစ်၍ ယင်းတို့၏လုပ်ရပ်များကို ပြင်းထန်စွာ ရှုတ်ချကန့်ကွက်ပြီး လုံးဝလက်မခံကြောင်း ကြေညာသည်။

၂။ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊ ပြည်ထဲရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ အမှတ် (၁/၂၀၀၅)ဖြင့် ပြည်ပြေးစဝ်ခမ်ဖနှင့်အဖွဲ့အား မတရားအသင်းကြေညာခြင်းကို မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့က တစ်ခဲနက်ထောက်ခံသည်။

၃။ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ပြည်သူအများ လိုလားတောင့်တနေကြသည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံအဖြစ် အသွင်ကူးပြောင်းရေးအတွက် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ချမှတ်ပြီး အမျိုးသားညီလာခံကို အောင်အောင်မြင်မြင် ကျင်းပပြုလုပ်နေချိန်တွင် ပြည်ပြေးစဝ်ခမ်ဖနှင့် အပေါင်းပါတစ်စု၏လုပ်ရပ်သည် ပြည်ထောင်စုကြီး ပြိုကွဲပျက်စီးစေပြီး တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ပျက်ပြားစေရုံသာမက ပြည်သူအများ လိုလားတောင့်တနေသည့် ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းများကိုပါ ထိခိုက်ပျက်ပြားစေသည့် အဖျက်လုပ်ရပ်သက်သက်ဖြစ်၍ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့အနေဖြင့် ယင်းလုပ်ရပ်ကို ပြင်းထန်စွာရှုတ်ချ၍ ဆန့်ကျင်ကန့်ကွက်ကြောင်း ကြေညာလိုက်သည်။

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ဌာနချုပ်
၂၀၀၅ခုနှစ်၊ ဧပြီလ(၂၁)ရက်

တိုင်းရင်းသားစည်းလုံးညီညွတ်မှု ခိုင်မာစွာတည်ဆောက်ခြင်း၊ နိုင်ငံတော်သစ် တည်ဆောက်ရာတွင် တက်ကြွစွာပါဝင်ခြင်းသည်သာလျှင် မျက်မှောက်ခေတ်တိုင်းရင်းသား လူမျိုးအသီးသီး ခံယူရမည့် သမိုင်းပေးတာဝန်ကြီးဖြစ်။

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၏ ထုတ်ပြန်ကြေညာချက်

၁။ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတည်းဟူသော ဒို့တာဝန်အရေးသုံးပါးကို နိုင်ငံတော်၏ မူဝါဒအဖြစ်ခံယူ၍ ဦးတည်ချက်(၁၂)ရပ်ချမှတ်ကာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်အဖြစ် တည်ဆောက်နေချိန်တွင် ပြည်ပြေးစဝ်ခမ်ဖနှင့်အဖွဲ့၏ ရည်ရွယ်ချက်နှင့် လုပ်ရပ်များသည် ပြည်ထောင်စုကြီးပြိုကွဲအောင်၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုပြိုကွဲအောင် လုပ်ဆောင်သည့် အဖျက်လုပ်ရပ်သာဖြစ်သည်။

၂။ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကြီးသည်မြန်မာတစ်နိုင်ငံလုံးရှိ မိခင်များနှင့် ကလေးများ၏ ကျန်းမာရေး၊ ပညာရေး စသော လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရနှင့် လက်တွဲဆောင်ရွက်နေသော လူမှုရေးအသင်းအဖွဲ့ကြီးဖြစ်သည်။ အသင်းဝင် ၄ဒသမ ၃၈သန်းကို ကိုယ်စားပြုသည့် မိမိတို့အသင်းကြီးအနေဖြင့် နိုင်ငံတော်၏ မူဝါဒဖြစ်သော ဒို့တာဝန်အရေးသုံးပါးကို ထိပါးနှောင့်ယှက်သည့် လုပ်ရပ်မှန်သမျှကို ဆန့်ကျင်ကြောင်းနှင့် ပြည်ပြေးစဝ်ခမ်ဖနှင့်အဖွဲ့၏ ရည်ရွယ်ချက်နှင့် လုပ်ရပ်များကို လုံးဝလက်မခံကြောင်း ထုတ်ပြန်ကြေညာလိုက်သည်။

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း
၂၀၀၅ခုနှစ်၊ ဧပြီလ (၂၁)ရက်

ကချင်အထူးဒေသ(၁)၏ ထုတ်ပြန်ကြေညာချက်

ရက်စွဲ။ ၂၀၀၅ခုနှစ်၊ ဧပြီလ (၂၁)ရက်

၁။ ပြည်ပရောက် ရှမ်းနိုင်ငံရေးသမားအချို့၏ ၂၀၀၅ခုနှစ်၊ ဧပြီလ ၁၇ရက်နေ့တွင် ရှမ်းပြည် လွတ်လပ်ရေးကြေညာချက်နှင့်ပတ်သက်ပြီး မိမိတို့သဘောမတူ၊ ပြတ်ပြတ်သားသား ဆန့်ကျင်ကြောင်း ထုတ်ပြန်ကြေညာလိုက်သည်။

၂။ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးသည် တိုင်းရင်းသားလူမျိုး အလွန်များပြားစွာနေထိုင်သော နိုင်ငံဖြစ်သည်ဖြစ်၍ ပြည်ထောင်စုကို ခွဲစိတ်ရန်ကြံရွယ်သော လှုပ်ရှားမှုမှန်သမျှနှင့် တိုင်းရင်းသား လူမျိုးတစ်မျိုး၏ ခွဲထွက်ရန် ကြံရွယ်သော လှုပ်ရှားမှုမှန်သမျှ မိမိတို့ဆန့်ကျင်သည်။

၃။ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရကို ဆန့်ကျင်ပုန်ကန်သော လက်နက်ကိုင် သောင်းကျန်းမှုမှ ဖြစ်ပေါ်သော စစ်ဘေးစစ်ဒဏ်များကြောင့် တိုင်းရင်းသားလူမျိုးအသီးသီး ပြည်သူများ အသက်အိုးအိမ် စည်းစိမ်ဥစ္စာ ပျက်စီးဆုံးရှုံးရသည်သာမက နိုင်ငံတော်သည်လည်း ကမ္ဘာ့အလယ်တွင် ခေတ်နောက်ကျကျန်နေရသည်ဖြစ်၍ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ခိုင်မာစွာတည်ဆောက်ခြင်း၊ ငြိမ်းချမ်းသာယာ၍ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရာတွင် တက်ကြွစွာ ပါဝင်ခြင်းသည်သာလျှင် မျက်မှောက်ခေတ် တိုင်းရင်းသားလူမျိုးအသီးသီး ခံယူရမည့် သမိုင်းပေးတာဝန်ကြီးဖြစ်သည်ဟူ၍ မိမိတို့ မမိုတ်မသုန်ယုံကြည်သည်။

၄။ ရှမ်းပြည်လွတ်လပ်ရေးကြေညာချက်သည် တိုင်းရင်းသားလူမျိုးများ၏ သွေးစည်းညီညွတ်မှုကို ဖျက်ဆီးခြင်းဖြစ်သည်။ အခြားတိုင်းရင်းသားလူမျိုးများနှင့် အေးအတူပူအမျှ စည်းလုံးညီညွတ်စွာ နေထိုင်ကြသော ရှမ်းတိုင်းရင်းသား ပြည်သူလူထုအမြောက်အမြားကို ဘေးအန္တရာယ် ကျရောက်စေခြင်းဖြစ်သည်။ ပြည်ထောင်စုကိုဖြိုခွဲရေး ကြံစည်မှုဖြစ်သည်။ ဝိုင်းဝန်းဆန့်ကျင်တိုက်ဖျက်ခြင်းခံရမည်မှာ ဧကန်မုချဖြစ်သည်ဟူ၍ မိမိတို့ယုံကြည်သည်။

၅။ ထိပ်တိုက်ရင်ဆိုင်မှုနှင့် ခွဲထွက်ရေးကြံစည်မှုများကိုလည်းကောင်း၊ လက်နက်ကိုင် ပုန်ကန်မှုကိုလည်းကောင်း ချုပ်ငြိမ်းစေကြရမည်ဖြစ်သည်။ သို့မှသာလျှင် အေးချမ်းသာယာ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် ခိုင်မာသော အခြေခံအုတ်မြစ်ရရှိမည်။ ဤအခြေခံအုတ်မြစ် ရရှိရေးအတွက် ဝိုင်းဝန်းတည်ဆောက်ကြပါရန် တိုင်းရင်းသားလူမျိုးများအားလုံး၊ အဖွဲ့အစည်းများ အားလုံးတို့ကို မိမိတို့ ရိုးသားစွာ မေတ္တာရပ်ခံပါသည်။

ဦးစခုန်တိန့်ယိန်း
ဥက္ကဋ္ဌ
ကချင်အထူးဒေသ(၁)

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❀